# ဓမ္မာစရိယဝတ်ရွတ်စဉ်

နှင့်

# ဒုလ္လဘမှတ်ဖွယ်

ဒဂုံတောင်၊ ( ၂၀ ) ရပ်ကွက်၊

# နိဒါန်း

## ဓမ္မာစရိယဝတ်ရွတ်စဉ် စီစဉ်ရခြင်း

ဤဓမ္မာစရိယ ဝတ်ရွတ်စဉ်သည် ဒဂုံမြို့သစ်တောင်ပိုင်း၊ (၂၀)ရပ်ကွက်၊ အမှတ်(၃)၊ ဘုန်းတော်ကြီးသင်ပညာရေး ဓမ္မာစရိယကျောင်းသူ/ကျောင်းသားကလေးသူငယ်များအတွက် လိုရင်းတိုရှင်း အကျဉ်းချုပ် စီစဉ်ထားသော ကျောင်းသုံးဝတ်ရွတ်စဉ် ဖြစ်ပါသည်။

စာအုပ်ကိုကြည့်ဖတ်၍ ရွတ်ဆိုရန်မဟုတ်ပဲ အလွတ်အရကျက်မှတ်၍ နေ့စဉ် ဘုရားရှိခိုး၊ ဝတ်တက် ဝတ်ကပ်ရွတ်ဖတ်ပူဇော်ရန် ဖြစ်ပေသည်။

ဤဓမ္မာစရိယ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ကျောင်းသူ/ကျောင်းသား ငါးရာကျော် ပညာသင်ယူလျက်ရှိကြရာ၊ နေရာအခက်အခဲကြောင့် နှစ်ချိန်ခွဲ၍ သင်ကြားရပေသည်။

သူငယ်တန်း၊ ပဌမတန်းနှင့် ဒုတိယတန်း ကျောင်းသူ ကျောင်းသားများသည် နေ့စဉ် ၁၂-နာရီမှ ညနေ ၅-နာရီထိ သင်ယူရပေသည်။

တတိယတန်းနှင့် စတုတ္ထတန်းကျောင်းသူ ကျောင်းသားများသည် ညနေ ၅နာရီမှ ည ၈ နာရီခွဲအထိ သင်ယူရပေသည်။

အဆိုပါတတိယတန်းနှင့် စတုတ္ထတန်းကျောင်းသူ/ကျောင်းသားများသည် ညနေ ၆နာရီ ၃၀ မိနစ် မှ ၇ နာရီအထိ နေ့စဉ် ဘုရားရှိခိုးဝတ်တက် ဝတ်ကပ် ပူဇော်ကြရန် ဗုဒ္ဓဘာသာ ယဉ်ကျေးမှု အခြေခံသင်ခန်းစာကစ်ရပ်အဖြစ် ပြဋ္ဌာန်းထားပေသည်။ ပြဋ္ဌာန်းထားသည့်အတိုင်း ကလေးများ ကျက်မှတ်ဆောင်ထားကာ ရွတ်ဖတ်နိုင်စေလောက်ရုံ လိုရင်း တိုရှင်းအနှစ်သာရ အပြည့်အဝပါနိုင်သမျှပါအောင် ဤဓမ္မာစရိယဝတ်ရွတ်စဉ်ကို စီစဉ်ရခြင်း ဖြစ်ပေသည်။

# ဓကာခတ်ကြ ဒုလ္လဘာ

နှစ်စဉ်နွေရာသီကျောင်းပိတ်ရက်များနှင့် ဒုလ္လဘရဟန်းခံရှင်ပြုအလှူမင်္ဂလာများ ပြုလုပ်လှူဒါန်းလေ့ရှိရာ ဤဓမ္မာစရိယကျောင်း၌လည်း ဒုလ္လဘရဟန်းခံ သာမဏေများ နှစ်စဉ်ရှိမြဲဖြစ်ပါသည်။

ဒုလ္လဘဘာစ်ခဏတာမျှ တစ်ပတ်ဆယ်ရက်ခန့်သာ အချိန်ရကြသည့် ထိုရဟန်း သာမဏေများအတွက်လည်း ဤဓမ္မာစရိယ ဝတ်ရွတ်စဉ်သည် အံဝင်ဂွင်ကျ အသုံးဝင်လှသည့် ဝတ်ရွတ်စဉ် ဖြစ်ပေသည်။

များစွာသော ဒုလ္လဘရဟန်းသာမဏေများသည် မိမိတို့ရဟန်းသာမဏေဝတ်ခဲ့စဉ်က ရွတ်ဆိုပူဇော်ခဲ့ရသော ဝတ်ရွတ်စဉ်များကို တစ်သက်တာ ဆောင်ထားလိုကြသဖြင့် စာအုပ်အဖြစ် စီစဉ်ဆောင်ရွက်ပေးပါရန် တောင်းပန်ကြသောကြောင့် ဤဝတ်ရွတ်စဉ်ကို စာအုပ်ငယ်အဖြစ် ရိုက်နှိပ်စီစဉ်ရပေသည်။

စာအုပ်ဖြစ်မြောက်ရေးအတွက် တည်းဖြတ်သူအဖြစ် စီစဉ်ဆောင်ရွက်ပေးသော ဆရာကြီး ဓမ္မာစရိယ ဦးသန်းစိန် (ဘုဓမ္မဝတီ စာပြင်ဆရာကြီး)(ငြိမ်း)၏ တိုက်တွန်းအကြံပြု လျှောက်ထား ချက်အရ ဒုလ္လဘသိမှတ်ဖွယ်ရာ ဝိနည်းကျင့်ဝတ်ကောက်နှုတ်ချက် ကောင်းနိုးရာရာများကို ဖြည့်စွက် ထည့်သွင်း၍ ဓမ္မာစရိယ ဝတ်ရွတ်စဉ်နှင့် ဒုလ္လဘ သိမှတ်ဖွယ်ရာစာအုပ်ငယ်ကို ဓမ္မဒါနအဖြစ် ရိုက်နှိပ်ပူဇော်ခွင့်ရခဲ့ပေသည်။ (ဆရာကြီးဓမ္မာစရိယ ဦးသန်းစိန်အား အထူးကျေးဇူးတင်ရပါသည်။)

အတိုချုံး၍ လိုရင်းပြရသော် -

မကျင့်ပဲ နှင့် မမြတ်ချင်နဲ့

မသင်ပဲ နှင့် မတတ်ချင်နဲ့

မလုပ်ပဲ နှင့် မရချင်နဲ့

မဟုတ်ပဲ နှင့် မဟာချင်နဲ့

ဝမရှိပဲ ဝိမထုတ် နဲ့ ဟူသော (အမရပူရ)ကျော်အောင်စံထား ဆရာတော်ကြီး၏ ဩဝါဒတော်အရ သာသနာနှင့်ကြုံသည့်အခါ လူ့ဘဝကိုရသည့်အခါ ရဟန်းဘဝရသည့်အခါ သဒ္ဓါတရားပြည့်စုံသည့်အခါ သူတော်ကောင်းတရားနာရသည့်အခါ ဒုလ္လဘငါးဖြာရကြသည့်အခါ တကယ်မြတ်စေချင် တကယ်တတ်စေချင် တကယ်ရစေချင်သော စေတနာဖြင့် စီစဉ်ထားခြင်းဖြစ်ပေကြောင်း။

[illegible]

[illegible]

# အမှာစာ

ဒဂုံတောင်ပိုင်း၊ (၂၀)ရပ်ကွက်၊ သာသနာ့ကုန်းမြေရှိ ဓမ္မာစရိယကျောင်းတိုက်မှ ဓမ္မာစရိယဆရာတော်သည် ရှေးကလည်း မူလတန်းဘုန်းတော်ကြီးကျောင်းပညာသင် ပညာရေးကို မူလနေရာဟောင်း နာနတ်တော၊ ကမာရွတ်မြို့နယ်၌ အနှစ်သုံးဆယ်ခန့်တိုင် မယိမ်းမယိုင် တစိုက်မတ်မတ် ကိုယ်တော်တိုင် ကျောင်းအုပ်၊ ကျောင်းဆရာ တာဝန်ဖြင့် လုပ်ငန်းကဘာက်သေခံလျှက် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် လိုအပ်နေသော အမျိုးဘာသာ သာသနာပြုလုပ်ငန်းကို ဖြည့်စွက် ကျားကန်ထားသော ဆရာတစ်ပါးဟု ဆိုလျှင်လည်း မမှားပေ။

ထို့ကြောင့် နိုင်ငံတော်အစိုးရက မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တော်ကို ဆက်ကပ် လှူဒါန်းပြီး ဖြစ်ခဲ့ပါသည်။ အနှစ်သုံးဆယ်အတွင်း ဆရာတော်သည် ဗုဒ္ဓယဉ်ကျေးမှု အခြေခံသော တိုင်းရင်းသားကလေးသူငယ်များအား စာပေသင်ကြားခဲ့ရာ ယခုအခါ၌ ရေတွက်ကြည့်က သောင်းနီးပါးတပည့်များရှိနေပါသည်။ ထိုတပည့်များလည်း အခြေခံတန်းမှ ဘွဲ့ရပြီးအထိ အရေအတွက်များစွာရှိ၏။ ထိုတပည့်များသည်ဆိုင်ရာ နိုင်ငံတာဝန်နှင့် အမျိုးဘာသာ သာသနာတာဝန်ကို ကိုယ်စီကိုယ်ငှ ထမ်းဆောင်လျှက်ရှိနေကြမည်သာ ဖြစ်၏။

ယနေ့ သာသနာပြုလုပ်ငန်းတည်ရှိရာ ဓမ္မာစရိယကျောင်းတိုက်၊ (၂၀)ရပ်ကွက်၊ ဒဂုံတောင်မြို့နယ်၌လည်း ယခင်နေရာဟောင်းတုန်းကလိုပင် အခမဲ့ ဘုန်းတော်ကြီးကျောင်း ပညာသင် ဖွင့်လှစ်ပြီး သင်ကြားခဲ့ပြန်ရာ ကျောင်းသူ/ကျောင်းသား ကလေးသူငယ် ငါးရာခန့်ရှိ၍ ဆရာမနှစ်ယောက်နှင့် ဘုန်းတော်ကြီးဆရာသုံးပါး ကိုယ်တိုင်ကြီးကြပ်သင်ပြလျှက် ရှိပါသည်။

ထိုကျောင်းသူ/ကျောင်းသားများ ဗုဒ္ဓဘာသာ၌ ယဉ်ကျေးမှုရစေရန် ဘုရားရှိခိုးမှ စ၍ ဗုဒ္ဓဘာသာ၌ သိအပ်သော ယဉ်ကျေးမှုကိုပါ ပူးတွဲလျက် သင်ပြနေပါသည်။ ကျောင်းသားမိဘများ၏ အားကိုးအားထားရာ ပညာရေးဌာနလည်း ဖြစ်ပါသည်။ အဆောက်အအုံနေရာ အခက်အခဲကြောင့် ကျောင်းသားများကို အပ်သလောက် လက်မခံနိုင်ဘဲ နေရာဆန့်သလောက်သာ လက်ခံနေရပါသည်။

နွေရာသီရောက်၍ ကျောင်းပိတ်သောအခါ ထိုကျောင်းသားများထဲမှ တစ်နှစ်အတွင်း ရှင်ပြု ရဟန်းခံအလှူပွဲများကလည်း အကြိမ် (၃၀)ခန့်ရှိနေပါသည်။ ရှင်သာမဏေနှင့် ဒုလ္လဘ အရေအတွက်လည်း ခြောက်ဆယ်၊ ခုနှစ်ဆယ်ခန့် နှစ်စဉ်ရှိနေသည်။

ထိုရှင်သာမဏေနှင့် ဒုလ္လဘရဟန်းများ သိမှတ်ဖွယ်၊ မှတ်ဖွယ်၊ ကျင့်ဖွယ်၊ ဆောင်ဖွယ်တို့လည်း သေသေလောဆယ်မဖြစ်မနေ လိုအပ်လျက်ရှိပါသည်။ ထိုလိုအပ်ချက်ကွက်လပ်ကို ပြီးပြည့်စုံ ဂန္ထဝင်မြောက် မဖြည့်နိုင်သော်လည်း အတော်အတန် အထောက်အကူ မှတ်စု မှတ်ရာအဖြစ် ယခုမှဝတ်သော ဒုလ္လဘများ လွယ်လင့်တကူ မှတ်ယူ ဆောင်ထားနိုင်ရန် မဟာစရိယ ဆရာတော်ကိုယ်တိုင် စီစဉ်အပ်သော ကျောင်းတွင်းဝတ်ရွတ်စဉ် သေခိယ ခန္ဓကဝတ်ဘာသာပြန်နှင့် မဟာစရိယ ဦးသန်းစိန်ရေးသားအပ်သော ဒုလ္လဘသိမှတ်ဖွယ် တို့ကို စုပေါင်းတင်ပြထားရသော မှတ်စု မှတ်ရာသာဖြစ်ပါကြောင်း ဟူ၍သာ မှတ်စေချင်ပါသည်။

# ဓမ္မာစရိယဝတ်ရွတ်စဉ်နှင့်
# ဒုလ္လဘာမှတ်ဖွယ်
# ဒဂုံတောင်၊ (၂၈)ရပ်ကွက်။

## ဓမ္မာစရိယဝတ်ရွတ်စဉ်

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**အရဟတော** - တစ်ထောင့်ငါးရာ ကိလေသာတို့မှ ဝေးကွာတော်မူသော၊ သမ္မာသမ္ဗုဒ္ဓဿ - ဉေယျဓမ်တရားငါးပါးကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင် သိမြင်တော်မူသော၊

**ဘဂဝတော** - ဘုန်းတော်ခြောက်ပုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားအား၊ နမော - ရှိခိုးပါ၏။

## ဓမ္မာစရိယဘုရားရှိခိုး

(၁) အစိန္တေယျ အစိန္တေယျ အစိန္တေယျ အပ္ပမေယျ အနန္တ ဇေယျ သေဋ္ဌ အတုမရှိ အတိုင်းမသိသော ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား -

(၂) အရဟံအစ ဘဂဝါအဆုံးရှိသော ကိုးပါးသောဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား -

(၃) ကူဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တ, တည်းဟူသော ဘုန်းတော်ခြောက်ပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

❖❖❖❖❖

## သမ္ဗုဒ္ဓေဂါထာတော်

(၁၉) သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ
ဒွါဒသဉ္စ သဟဿကေ
ပဉ္စသတ သဟဿာနိ
နမာမိ သိရသာ အဟံ။
အပ္ပကာ ဝါဠုကာ ဂင်္ဂါ
အနန္တာ နိဗ္ဗုတာ ဇိနာ -
တေသံ ဓမ္မဉ္စ သံဃဉ္စ
အာဒရေန နမာမဟံ။
နမက္ကာရ နုဘာဝေန
ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ -
အနေကာ အန္တရာယာပိ
ဝိနဿန္တု အသေသတော။ ။

## ပရိတ်ကြီး နိဒါန်း

၁။ သမန္တာစက္ကဝါဠေသု အတြာဂစ္ဆန္တုဒေဝတာ
သဒ္ဓမ္မံ မုနိရာဇဿ သုဏန္တုသဂ္ဂမောက္ခဒံ

၂။ ဓမ္မဿဝန ကာလော အယံဘဒ္ဒန္တာ
ဓမ္မဿဝန ကာလော အယံဘဒ္ဒန္တာ
ဓမ္မဿဝန ကာလော အယံဘဒ္ဒန္တာ

၃။ နမောတဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ
( သုံးခေါက် )

၄။ ယေသန္တာ သန္တစိတ္တာ
တိသရဏသရဏာ
ဧတ္ထလောကန္တရေဝါ
ဘုမ္မာ ဘုမ္မာစဒေဝါ
ဂုဏ ဂဏ ဂဟဏာ
ဗျာဝဋာ သဗ္ဗကာလံ
ဧတေ အာယန္တုဒေဝါ
ဝရကနက မယေ
မေရုရာဇေ ဝသန္တော
သန္တော သန္တောသဟေတုံ
မုနိဝရဝစနံ
သောတုမဂ္ဂံ သမဂ္ဂါ။

၅။ သဗ္ဗေသုစက္ကဝါဠေသု ယက္ခာ ဒေဝါစ ဗြဟ္မဏော
ယံ အမှေဟိ ကတံပုညံ သဗ္ဗသမ္ပတ္တိ သာဓကံ။

၆။ သဗ္ဗေတံ အနုမောဒိတွာ သမဂ္ဂါသာသနေရတာ
ပမာဒရဟိတာဟောန္တု အာရက္ခာသု ဝိသေသတော။

၇။ သာသနဿစလောကဿ၊ ဝုဍ္ဎီ ဘဝတု သဗ္ဗဒါ
သာသနမ္ပိစလောကဉ္စ ဒေဝါ ရက္ခန္တုသဗ္ဗဒါ။

၈။ သဒ္ဓိံဟောန္တု သုခီသဗ္ဗေ ပရိဝါရေဟိ အတ္တနော
အနီဃာ သုမနာ ဟောန္တု သဟသဗ္ဗေဟိ ဉာတိဘိ။

၉။ ရာဇတောဝါ စောရတော
မနုဿတောဝါ အမနုဿတောဝါ
အဂ္ဂိတောဝါ ဥဒကတောဝါ
ပိသာစတောဝါ ခါဏုကတောဝါ
ကဏ္ဍကတောဝါ နက္ခတ္တတောဝါ
ဇနပဒရောဂတောဝါ အသဒ္ဓမ္မတောဝါ
အသန္ဒိဋ္ဌိတောဝါ အသပ္ပုရိသတောဝါ
စဏ္ဍ ဟတ္ထိ အဿ မိဂ ဂေါဏ ကုက္ကုရ
အဟိ ဝိစ္ဆိက မဏိ သပ္ပ ဒီပိ
အစ္ဆ တရစ္ဆ သူကရ မဟိံသ ရက္ခ ယက္ခသာဒီဟိ
နာနာဘယတောဝါ နာနာရောဂတောဝါ
နာနာဥပဒ္ဒဝတောဝါ အာရက္ခံ ဂဏှန္တု။

# မင်္ဂလသုတ်

၁။ ယံမင်္ဂလံ ဒွါဒသဟိ စိန္တယိံသု သဒေဝကာ
သောတ္ထာနံ နာဓိဂစ္ဆန္တိ အဋ္ဌတိံသဉ္စ မင်္ဂလံ။

၂။ ဒေသိတံ ဒေဝဒေဝေန သဗ္ဗပါပ ဝိနာသ နံ
သဗ္ဗလောက ဟိတတ္ထာယ မင်္ဂလံ တံ ဘဏာမဟေ။

၃။ ဧဝံ မေသုတံ –
ဧကံသမယံ ဘဂဝါသာဝတ္ထိယံ
ဝိဟရတိ ဇေတဝနေ
အနာထ ပိဏ္ဍိကဿ အာရာမေ
အထခေါ အညတရာ ဒေဝတာ
အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ
ကေဝလကပ္ပံဇေတဝနံ ဩဘာသေတွာ
ယေနဘဂဝါ တေနုပသင်္ကမိ
ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ
ဧကမန္တံ အဋ္ဌာသိ ဧကမန္တံ ဌိတာခေါ
သာဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ၊

၄။ ဗဟူဒေဝါ မနုဿာစ မင်္ဂလာနိ အစိန္တယုံ
အာကင်္ခမာနာသောတ္ထာနံ ဗြူဟိမင်္ဂလမုတ္တမံ။

၅။ အသေဝနာစ ဗာလာနံ ပဏ္ဍိတာနဉ္စသေဝနာ
ပူဇာစ ပူဇနေယျာနံ ဧတံမင်္ဂလမုတ္တမံ။

၆။ ပတိရူပဒေသဝါသောစ ပုဗ္ဗေစကတပုညတာ
အတ္တသမ္မာပဏိဓိစ ဧတံမင်္ဂလမုတ္တမံ။

၇။ ဗဟုသစ္စဉ္စ သိပ္ပဉ္စ ဝိနယောစ သုသိက္ခိတော
သုဘာသိတာစယာဝါစာ ဧတံမင်္ဂလမုတ္တမံ။

၈။ မာတာပိတု ဥပဋ္ဌာနံ ပုတ္တဒါရဿသင်္ဂဟော
အနာကုလာစကမ္မန္တာ ဧတံမင်္ဂလမုတ္တမံ။

၉။ ဒါနဉ္စ ဓမ္မစရိယာစ ဉာတကာနဉ္စသင်္ဂဟော
အနဝဇ္ဇာနိ ကမ္မာနိ ဧတံမင်္ဂလမုတ္တမံ။

၁၀။ အာရတီဝိရတီပါပါ၊ မဇ္ဇပါနာစသံယမော
အပ္ပမာဒေါစဓမ္မေသု ဧတံမင်္ဂလမုတ္တမံ။

၁၁။ ဂါရဝေါစ နိဝါတောစ သန္တုဋ္ဌီစ ကတညုတာ
ကာလေန ဓမ္မဿဝနံ ဧတံမင်္ဂလမုတ္တမံ။

၁၂။ ခန္တီစ သောဝစဿတာ သမဏာနဉ္စဒဿနံ
ကာလေနဓမ္မသာကစ္ဆာ ဧတံမင်္ဂလမုတ္တမံ။

၁၃။ တပေါစဗြဟ္မစရိယဉ္စ အရိယသစ္စာန ဒဿနံ
နိဗ္ဗာနသစ္ဆိကိရိယာစ ဧတံမင်္ဂလမုတ္တမံ။

၁၄။ ဖုဋ္ဌဿလောကဓမ္မေဟိ စိတ္တံယဿ နကမ္ပတိ
အသောကံ ဝိရဇံခေမံ ဧတံမင်္ဂလမုတ္တမံ။

၁၅။ ဧတာဒိသာနိကတွာန သဗ္ဗတ္ထ မပရာဇိတာ
သဗ္ဗတ္ထသောတ္ထိံ ဂစ္ဆန္တိ တံတေသံမင်္ဂလမုတ္တမံ။

## မင်္ဂလသုတ္တံနိဿိတ်

### ဘုရားဂုဏ်တော် ကိုးပါးပါဠိ

၁၆။ ဣတိပိသောဘဂဝါ အရဟံသမ္မာသမ္ဗုဒ္ဓေါ
ဝိဇ္ဇာစရဏ သမ္ပန္နော သုဂတော လောကဝိဒူ
အနုတ္တရောပုရိသဒမ္မသာရထိ သတ္ထာဒေဝမနုဿာနံ
ဗုဒ္ဓေါ ဘဂဝါတိ။

### တရားဂုဏ်တော်ခြောက်ပါးပါဠိ

၁၇။ သွာက္ခာတော ဘဂဝါ ဓမ္မော သန္ဒိဋ္ဌိကော
အကာလိကော ဧဟိပဿိကော ဩပနေယိကော
ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီတိ

### သံဃာဂုဏ်တော်ကိုးပါး ပါဠိ

၁၈။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ
ဧသဘဂဝတော သာဝကသံဃော
အာဟုနေယျော ပါဟုနေယျော ဒက္ခိဏေယျော
အဉ္ဇလိကရဏီယော အနုတ္တရံ ပုညက္ခေတ္တံ
လောကဿာတိ။

၁၉။ ဧဝံ ဗုဒ္ဓံသရန္တာနံ ဓမ္မံသင်္ဃဉ္စ ဘိက္ခဝေါ
ဘယံဝါ ဆမ္ဘိတတ္တံဝါ လောမဟံသောဝါ နဟေဿတိ။

၂၀။ ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ
ယောစမနာပေါ သကုဏဿသဒ္ဒေါ
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ
ဗုဒ္ဓါ နုဘာဝေန ဝိနာသမေန္တု။

၂၁။ ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ
ယောစမနာပေါ သကုဏဿသဒ္ဒေါ
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ
ဓမ္မာ နုဘာဝေန ဝိနာသမေန္တု။

၂၂။ ယံဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ
ယောစမနာပေါ သကုဏဿသဒ္ဒေါ
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ
သံဃာနုဘာဝေန ဝိနာသမေန္တု။

**သာဓု သာဓု သာဓု။**

| | | | |
|---|---|---|---|
| (၂၀) | သက္ကရောမိ | - | အရိုအသေပြုပါ၏၊ |
| | ဂရုံကရောမိ | - | အလေးအမြတ်ပြုပါ၏၊ |
| | မာနေမိ | - | မြတ်နိုးပါ၏၊ |
| | ပူဇေမိ | - | ပူဇော်ပါ၏၊ |
| | ပသံသာမိ | - | ချီးမွမ်းပါ၏၊ |

| | | |
|---|---|---|
| သရာမိ | - | အောက်မေ့ပါ၏၊ |
| ဂစ္ဆာမိ | - | ဆည်းကပ်ပါ၏၊ |
| ဇာနာမိ | - | သိပါ၏၊ |
| တာဏံ | - | ကိုးကွယ်ခြင်းကို |
| ကရောမိ | - | ပြုပါ၏။ |

(၂၁) **ဆုတောင်း**

| | | |
|---|---|---|
| ဤသို့စေတနာ | ပြုပါရသား | အကျိုးအားကြောင့် |
| ပြောင်းသွားဘဝ | နောင်ကာလ၌ | သုံးဝဋ်ရှုကင် |
| သုံးတပ်ဗေဒင် | ထို့ပြင်တခြား | ဘုရားအလောင်း |
| သူတော်ကောင်းတို့ | တက်ကောင်းသမျှ | အဝဝကို |
| ကြံ့ဆနုံပင် | ဟင်းလင်းမြင်၍ | ကောင်းကင်အလယ် |
| လမင်းနှယ်လျှင် | ဖြစ်ရခြင်၍ | လေးအင်မျိုးသား |
| သူတို့အားကို | ယှဉ်ပါစေလျက် | မိုးကြိုးစက်သီး |
| တချက်တည်းသာ | ပစ်သောတာသို့ | ဗာလာသမုဟ် |
| လူသူယုတ်ကို | ဖုံးအုပ်ဉာဏ်ရောင် | ကယ်ယူဆောင်၍ |
| ကောင်းအောင်ပြသ | ဆုံးမနိုင်စေ | ဟောလေတုံထ |
| မြတ်ဓမ္မကို | ကြားရကြည်ယုံ | ကိုယ်လုံးတုန်၍ |
| ယမ်းပုံအဝ | မီးခဲကျသို့ | လောဘတဏှာ |
| အဝိဇ္ဇာကို | ပညာမီးပွား | ဟုန်းဟုန်းစားလျက် |
| ခြောက်ပါးအာရုံ | မမက်ကုန်ပဲ | ဉာဏ်ဟုန်နှင့်သာ |

ပြည့်စုံပါမှ　မဟာအမတ　တွင်ထအမည်
နိဗ္ဗာန်ပြည်သို့　အေးကြည်ချမ်းသာ　မီးငြိမ်းရာကို
လျင်စွာခဏ　ရောက်ရပါလိုသော်။

(၂၂) **အမျှဝေ**

ဤသို့ယခု　ကျွန်ုပ်ပြုသည့်　ကောင်းမှုကုသိုလ်
အဖို့ကိုလည်း　မြင့်မိုရ်မရေ　နှိုင်းဘုမဒို
ပထဝီမမျှ　မြစ်မကျယ်စွာ　သမုဒ္ဒရာလည်း
ပမာခွက်ငယ်　နှိုင်းဖွယ်မမျှ　ကြီးမြင့်လှသည့်
မိဘဘိုးဘွား　ထွန်းတားဆရာ　စိုးရာပိုင်သ
ဘဝသခင်　ဆွေမြို့ရှင်နှင့်　တောင်ခွင်ညာထား
ဒိဖုရားက　သားတော်သမီး　ဆွေနီးမျိုးစပ်
မှူးမတ်ဗိုလ်ပါ　သာသနာငါးထောင်　စီးပွားဆောင်သည့်
ကိုယ်ကိုစောင့်ကြတ်　ကိုယ်စောင့်နတ်က　စသည်မကြွင်း
ယမမင်းနှင့်　မြစ်မင်းငါးသွယ်　မြစ်ငယ်ငါးရာ
လေးဖြာကျွန်းမှ　အနန္တစကြာဝဠာ　များစွာအကုန်
ဘုံသုံးဆယ့်တစ်　ဖြစ်ဖြစ်သမျှ　ယမဒေါ
ယမလှ　ယမက　ယမမင်း
မကြွင်းရစေ　အကျွန်ဝေ၏　ဝသုန္ဓြေ
သက်သေညွှန်ကြား　သိစေသားဟု　တိုင်းတားကြေညာ
ဝေငှပါ၏　ပြဟ္မာနတ်လူ　သုံးဘုံသူတို့
ကြည်ဖြူရှေးရှု　ဤကောင်းမှုကို　နတ်လူသာဓု
သာဓု သာဓု　ခေါ်စေသော်. . .။

ထို့နောက် ---

**ခ၅မိနစ်–သတိပဋ္ဌာန်နည်းဖြင့်တရားထိုင်ရမည်။**

ခန္ဓာမှာပေါ်တဲ့တရားငါးပါး - ပူဒါ၊ အေးဒါ၊ လှုပ်ဒါ၊ ဆင်းရဲဒါ၊ ချမ်းသာဒါ ငါးမျိုးထဲမှ သိသာထင်ရှားသည့် တရားကို သတိပြုနေရမည် - မှတ်နေရမည် - သိသိနေရမည်။

(ဥပမာ) -

| | | |
|---|---|---|
| ပူဒါ | - | ပူဒါလို့ မှတ်နေ သိနေရမည်- |
| အေးဒါ | - | အေးဒါလို့ မှတ်နေ သိနေရမည်- |
| လှုပ်ဒါ | - | လှုပ်ဒါလို့ မှတ်နေ သိနေရမည်- |
| ဆင်းရဲဒါ | - | ဆင်းရဲဒါလို့ မှတ်နေ သိနေရမည်- |
| ချမ်းသာဒါ | - | ချမ်းသာဒါလို့ မှတ်နေ သိနေရမည်။ |

(၂၃) **ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ**

လောကုတ္တရာတရား ကိုးပါးအား လျော်သော နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော ဤအကျင့်ဖြင့် မြတ်စွာဘုရားကိုပူဇော်ပါ၏ အရှင်ဘုရား။

(၂၄) **ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ**

လောကုတ္တရာတရား ကိုးပါးအား သင့်လျော်သော နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော ဤအကျင့်ဖြင့် တရားတော်ကို ပူဇော်ပါ၏ အရှင်ဘုရား။

(၂၅) **ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ**

လောကုတ္တရာတရား ကိုးပါးအား သင့်လျော်သော နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော ဤအကျင့်ဖြင့် သံဃာတော်ကို ပူဇော်ပါ၏ အရှင်ဘုရား။

(၂၆) **အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇာတိ ဇရာ ဗျာဓိ မရဏမှာ ပရိမုစ္စိဿာမိ**

လောကုတ္တရာတရား ကိုးပါးအား သင့်လျော်သော နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော ဤအကျင့်ကို ကျင့်ရသောကြောင့် ပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း သေခြင်းတို့မှ ဧကန်မုချ လွတ်မြောက်ရပါလို၏ အရှင်ဘုရားဟုဆိုပါ။

## နှစ်စဉ်နွေရာသီ၌ ရဟန်းခံ၊ ရှင်ပြုကြမည့်
## ရဟန်းလောင်း၊ သာမဏေလောင်းများ အတွက်
## သင်္ကန်းလောင်း၊ ပုတီးစိပ်အကျဉ်း

### ဆရာထံသင်္ကန်းအပ်ရန်

သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ
ဣမံ ကာသာဝံ ဂဟေတွာ ပဗ္ဗာဇေထ
မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

### မြန်မာပြန်

အရှင်ဘုရား အလုံးစုံသော သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ပါရခြင်း နိဗ္ဗာန်ကို မျက်မှောက်ပြုပါရခြင်း အကျိုးငှာ၊ တပည့်တော်၏ လက်၌ရှိသော ဤသင်္ကန်းကို ယူတော်မူ၍ တပည့်တော်အား သနားတော်မူသဖြင့် ကိုရင်သာမဏေ ပြုပေးတော်မူပါ အရှင်ဘုရား။
(ဒူးနှစ်ဖက်ချ၊ လက်နှစ်ဖက်ဖြင့် ကိုင်ထားသော သင်္ကန်းကို ဆရာထံ ရှိသေစွာကပ်ပါ)

## ဆရာ့ထံမှသက်န်းတောင်းရန်

သကလ ဝဋ္ဋ ဒုက္ခ နိဿရဏာ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ
ဧတံ ကာသာဝံ ဒတွာ ပဗ္ဗာဇေထ
မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

## မြန်မာပြန်

အရှင်ဘုရား အလုံးစုံသော သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ပါရခြင်း နိဗ္ဗာန်ကို မျက်မှောက်ပြုပါရခြင်းအကျိုးငှာ အရှင်ဘုရား၏ လက်တော်၌ ရှိသော ထိုသင်္ကန်းကို ပေးတော်မူ၍ တပည့်တော်အား သနားတော်မူသဖြင့် ကိုရင်သာမဏေပြုပေးတော်မူပါ အရှင်ဘုရား။

(ဒူးနှစ်ဖက်ချ ဆရာ့ထံမှ သင်္ကန်းကို ရိုသေစွာခံယူပါ)

## သာမဏေအဖြစ်တောင်းရန်

ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ။
ဒုတိယမ္ပိ ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ။
တတိယမ္ပိ ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ။

## မြန်မာပြန်

အရှင်ဘုရား သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ပါရခြင်းအကျိုးငှာ ရှင်သာမဏေအဖြစ်ကို တောင်းခံပါ၏။

နှစ်ကြိမ်မြောက်လည်း အရှင်ဘုရား သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ပါရခြင်း အကျိုးငှာ ရှင်သာမဏေအဖြစ်ကို တောင်းခံပါ၏။

သုံးကြိမ်မြောက်လည်း အရှင်ဘုရား သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ပါရခြင်း အကျိုးငှာ ရှင်သာမဏေအဖြစ်ကို တောင်းခံပါ၏ အရှင်ဘုရား။

## နိုင်ငံတော်မူ ဩကာသကန်တော့ချိုး

ဩကာသ ဩကာသ ဩကာသ ကာယက် ဝစီကံ မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှာ ပထမ ဒုတိယ တတိယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ တရားရတနာ သံဃာရတနာ ရတနာမြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ် လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး ကပ်သုံးပါး ရပ်ပြစ်ရှစ်ပါး ရန်သူမျိုးငါးပါး ဝိပတ္တိတရားလေးပါး ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

**(ဆရာက ဆုပေးရန်ဖြစ်ပါသည်။)**

## (၁၀)ပါးသီလတောင်းရန်ပါဠိ

အဟံဘန္တေ တိသရဏေနသဟ ဒသ သာမဏေရ ပဗ္ဗဇ္ဇသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံ ကတွာ သီလံဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ၊ အဟံ ဘန္တေ တိသရဏေနသဟ ဒသသာမဏေရ ပဗ္ဗဇ္ဇသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံ ကတွာ သီလံဒေထ မေ ဘန္တေ။

တတိယမ္ပိ၊ အဟံဘန္တေ တိသရဏေနသဟ ဒသ သာမဏေရ ပဗ္ဗဇ္ဇသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံ ကတွာ သီလံဒေထ မေ ဘန္တေ။

ဆရာဆိုရန် = ယမဟံ ဝဒါမိ တံဝဒေထ

တပည့်ဆိုရန် = အာမ ဘန္တေပါဘုရား

ဆရာဆိုရန် = နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
တပည့် သုံးခေါက်လိုက်ဆို။

ဆရာဆိုရန် = သာမဏေ ရသီလံ ပရိပုဏ္ဏံ

တပည့်ဆိုရန် = အာမ ဘန္တေပါ အရှင်ဘုရား

## (၁၀)ပါးသီလပါဠိ

(၁) ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

(၂) အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

(၃) အဗြဟ္မစရိယာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

(၄) မုသာဝါဒ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

(၅) သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

(၆) ဝိကာလဘောဇနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

(၇) နစ္စ ဂီတ ဝါဒိတ ဝိသုကဒဿနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

(၈) မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

(၉) ဥစ္စာသယန မဟာသယန ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

(၁၀) ဇာတရူပ ရဇတ ပဋိဂ္ဂဟနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

ဆရာကဆိုရန် = တိသရဏေန သဟ ဒသ သာမဏေရ ပဗ္ဗဇ္ဇာသီလံ ဓမ္မံသာဓုကံကတွာ
အပ္ပမာဒေန သမ္ပာဒေထ -

တပည့်ကဆိုရန် = အာမဘန္တေပါဘုရား -

## ဥပဇ္ဈာယ်ယူပုံ

**တပည့်ကဆိုရန်** = ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ -

ဘန္တေ-အရှင်ဘုရား၊ တွံ-အရှင်ဘုရားသည် မေအမှာက် - ဘုရားတပည့်တော်အို၏၊ ဥပဇ္ဈာယော - အပြစ်ကြီးအပြစ်ငယ်တို့ကိုကပ်၍ ရှုတတ်မိဘသဖွယ် ဆုံးမတတ်သော ဥပဇ္ဈာယ်ဆရာသည်၊ ဟောဟိ-ဖြစ်တော်မူပါဘုရား။

ဆရာကဆိုရန် = ပါသာဒိကေန သမ္ပာဒေထ -

**ပါသာဒိကေန** - ကြည်ညိုဖွယ်ကိုဆောင်တတ်သော ကိုယ်အမူအရာ-နှုတ်အမူအရာနှင့်၊ သမ္ပာဒေထ ပြည့်စုံပါစေကုန်လော့။

တပည့်ကဆိုရန် = အာမဘန္တေပါဘုရား။

### ပစ္စဝေက္ခဏာလေးပါး

**သင်္ကန်းအတွက်ဆင်ခြင်ရန်**။ ။ ပဋိသင်္ခါယောနိသော စီဝရံ ပဋိသေဝါမိ ယာဝဒေဝ သီတဿ ပဋိဃာတာယ ဥဏှဿ ပဋိဃာတာယ ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿာနံ ပဋိဃာတာယ ယာဝဒေဝ ဟိရိ ကောပိန ပဋိစ္ဆာဒနတ္ထံ။

**ဆောင်ပုဒ်ဂါထာ**။ ။ ချမ်းပူကိုဖျက် ခြင်မှက်လေနေ ကင်းမြွေလွှဲသုန် ဟိရိဂုဏ်ကို ကုန်စေတတ်ဖွာ ကိုယ်အင်္ဂါကို လုံပါစေလို့ ကိုယ်ကိုစံပယ် ဆင်ခြင်မယ်ဟု စိတ်ဝယ်မသန်း ဤသင်္ကန်းကို ဖုံးလွှမ်းဝတ်ရုံပါသတည်း။

**ဆွမ်းအတွက်ဆင်ခြင်ရန်**။ ။ ပဋိသင်္ခါယောနိသော ပိဏ္ဍပါတံ ပဋိသေဝါမိ နေဝဒဝါယ နမဒ္ဒါယနမဏ္ဍနာယ နဝိဘူသနာယ ယာဝဒေဝ ဣမဿ ကာယဿဌိတိယာ ယာပနာယ ဝိဟိံသူပရတိယာ ဗြဟ္မစရိယာ နုဂ္ဂဟာယ ဣတိပုရာဏဉ္စ ဝေဒနံ ပဋိဟင်္ခါမိ နဝဉ္စဝေဒနံ နဥပ္ပါဒေဿာမိ ယာတြာစ မေ ဘဝိဿတိ အနဝဇ္ဇတာစ ဖါသုဝိဟာရောစ။

**ဆောင်ပုဒ်လင်္ကာ။** ။ ဤသည့်စားဖွယ် အမယ်မယ်ကို မြူးရယ်မာန်ကြွ လှပရေဆင်း ပြည့်ဖြိုးခြင်းငှာ မသုံးပါဘူး လေးဖြာဓာတ်ဆောင် ဤကိုယ်ကောင်သည် ရှည်အောင်တည်လျှက် အသက်မျှတမ်း မမောပန်းပြွား ဘုရားသာသနာ ကျင့်နှစ်ဖြာကို ကျင့်ပါနိုင်စေ ဝေဒနာဟောင်းသစ် မဖြစ်စေရ ယာပိတ်မျှလစ် ခပ်သိမ်းဖြစ်ကို မဖြစ်လေအောင် ချမ်းမြေ့အောင်ဟု သုံးဆောင်မှီဝဲပါသတည်း။

**ကျောင်းအိပ်ရာနေရာ၌ဆင်ခြင်ရန်။** ။ ပဋိသင်္ခါယောနိသော သေနာသနံ ပဋိသေဝါမိ ယာဝဒေဝ သီတဿ ပဋိဃာတာယ ဥဏှဿ ပဋိဃာတာယ ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿာနံ ပဋိဃာတာယ ယာဝဒေဝ ဥတုပရိဿယ ဝိနောဒနပဋိသလ္လာနာရာမတ္ထံ၊

**ဆောင်ပုဒ်လင်္ကာ။** ။ ချမ်းပူကိုဖျက် ခြင်မှက်ယောနေ ကင်းဖြေဝေးမှု ဥတုဘေးဘျမ်း မသန်းကင်းစင် စိတ်ကြည်လင်ကြောင်း နေရာကျောင်းကို ကိန်းအောင်းမှီခိုပါသတည်း။

**ဆေးပစ္စည်းမှီဝဲရာ၌ဆင်ခြင်ရန်။** ။ ပဋိသင်္ခါယောနိသော ဂိလာနပစ္စယ ဘေသဇ္ဇပရိက္ခာရံ ပဋိသေဝါမိ ယာဝဒေဝ ဥပ္ပန္နာနံ ဝေယျာဗာဓိကာနံ ဝေဒနာနံ ပဋိဃာတာယ အဗျာပဇ္ဇပရမတာယ။

**ဆောင်ပုဒ်လင်္ကာ** = ကျင်နာခံခက် နှိပ်စက်ဖိစီး ဖြစ်ပြီးဖြစ်လာ ဝေဒနာကို စွန့်ခွာပယ်လျှဉ်း ဆင်းရဲကင်း၍ လူမင်းမြတ်စွာ သာသနာကို ကြည်သာရှင်လန်း ကျင့်ဖြည့်စွမ်းဖို့ ရည်မှန်း သုံးဆောင်ပါသတည်း။

**ကြွင်းသောပစ္စည်းများဆင်ခြင်ရန်ဆောင်ပုဒ်။**

ပိနပ်ဆီမီး ထီးတောင်ဝှေးစ ဟူသမျှကို အေးမြချမ်းပူ မြင့်ငူသစ်ငုတ် ခလုတ်ဆူးကြောင့် မနှောင့်ဘေးဘျမ်း မသန်းကင်းစင် စိတ်ကြည်လင်၍ အားအင်ပြည့်ဝေ သာသနာကို ကောင်းစွာကျင့်ဆောင် ဖြည့်နိုင်အောင်ဟု သုံးဆောင်မှီဝဲပါသတည်း။

## ဆိုင် (၁၀)ပါး။

ကိုရင်သာမဏေသည် (၁) သူတပါးအသက်ကိုသတ်ခြင်း (၂) သူတပါးဥစ္စာကိုခိုးခြင်း (၃) မမြတ်သောမေထုန်အကျင့်ကိုကျင့်ခြင်း (၄) လိမ်ညာ၍ပြောခြင်း (၅) မူးယစ်ဆေးဝါးအရက်သောက်ခြင်း (၆) မြတ်စွာဘုရားအားကျေးဇူးမဲ့ ကဲ့ရဲ့စကားပြောခြင်း (၇) တရားတော်အား ကျေးဇူးမဲ့ကဲ့ရဲ့စကားပြောခြင်း (၈) သံဃာတော်အားကျေးဇူးမဲ့စကားပြောခြင်း (၉)မှားသောအယူရှိခြင်း (၁၀) ဘိက္ခုနီမ (သို့မဟုတ်) သီလရှိသူကိုဖျက်ဆီးခြင်း။ ဤ (၁၀)ပါးသော အင်္ဂါတို့တွင် တစ်ပါးပါးကို လွန်ကျူးသော သာမဏေအား လူထွက်စေရမည် လူဝတ်လဲ၍ပေးရမည်။

## ဒဏ် (၁၀)ပါး။

ကိုရင်သာမဏေသည်-

(၁) နေ့လွဲညစာစားခြင်း

(၂) က,ခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ ကြည့်ရှုခြင်း၊ နားထောင်ခြင်း။

(၃) အမွှေးနံ့သာလိမ်းခြင်း

(၄) မြင့်မြတ်သော နေရာ၌နေထိုင်ခြင်း

(၅) ရွှေ၊ ငွေကိုင်ခြင်း၊ သုံးစွဲခြင်း

(၆) ရဟန်းတို့အားလာဘ်မရအောင်အားထုတ်ခြင်း

(၇) ရဟန်းတို့အားနေရာမရအောင်အားထုတ်ခြင်း

(၈) ရဟန်းတို့အား အကျိုးမဲ့အောင်အားထုတ်ခြင်း

(၉) ရဟန်းတို့ကို ဆဲရေးခြိမ်းခြောက်ခြင်း

(၁၀) ရဟန်းတစ်ပါးနှင့်တစ်ပါးစိတ်ဝမ်းကွဲအောင်ကုန်းတိုက်ခြင်း

ဤအကြောင်း အင်္ဂါ (၁၀)ပါးတို့တွင် တစ်ပါးပါးကိုလွန်ကျူးသော သာမဏေအား သံဃာ၊ ရေဒဏ် နှောင်ကြိုးအောင်အပြစ်ပေးရမည်ဖြစ်သည်။

## ရဟန်းသာမဏေတို့ကျင့်ရမည့်သေခိယသိက္ခာပုဒ်များ ကောက်နုတ်ချက်များ

၁။ အထက်မှာချက်အောက်မှာ ဒူးအဝန်းညီစွာသင်ပိုင်ကိုဝတ်ရမည်။

၂။ ကိုယ်ရုံဧကစီကိုလည်းအလားတူစွာသင်ပိုင်အကျက်လက်လေးသစ်ခန့်ခွာ၍ ရုံရမ်းရမည်။

၃။ လည်-လက်ကောက်ဝတ်ကိုကောင်းစွာဖုံးလွှမ်းဝတ်ရုံ၍မြို့ရွာတွင်းမှာ သွားရနေရမည်။

၄။ လက်ခြေကိုမဆော့မကစားပဲကောင်းစွာ အိန္ဒြေကိုစောင့်စည်းလျက် မြို့ရွာတွင်းမှာ သွားရနေရမည်။

၅။ လေးတောင်ခန့်မျှကြည့်သဖြင့် ချအပ်သောမျက်လွှာရှိသည်ဖြစ်၍ မြို့ရွာတွင်းမှာ သွားရနေရမည်။

၆။ သင်္ကန်းကို ဒါးပန်းကြိုးပေါ်အောင်ပင့်၍ မြို့ရွာတွင်းမှာ မသွား မနေရ။

၇။ ပြင်းစွာရယ်မောလျက် မြို့ရွာတွင်းမှာ မသွား မနေရ။

၈။ ငယ်သောအသံရှိသည်ဖြစ်၍ မြို့ရွာတွင်းမှာ သွားရနေရမည်။

၉။ ကိုယ်ကိုလှုပ်၍ လှုပ်၍မြို့ရွာတွင်းမှာ မသွား မနေရ။

၁၁။ လက်ရုံးကိုလှုပ်၍လှုပ်၍ မြို့ရွာတွင်းမှာ မသွားရမနေရ။

၁၁။ ဦးခေါင်းကိုလှုပ်၍ မြို့ရွာတွင်းမှာ မသွား မနေရ။

၁၂။ ခါးကိုထောက်လျက် မြို့ရွာတွင်းမှာ မသွား မနေရ။

၁၃။ ဦးခေါင်းခြုံလျက် မြို့ရွာတွင်းမှာ မသွား မနေရ။

၁၄။ ဖနောင့်ဖြင့်လည်းကောင်း ခြေဖျားဖြင့်လည်းကောင်း မြို့ရွာတွင်းမှာ မသွား မနေရ။

၁၅။ ဒူးကိုလက်ဖြင့်သိုင်း၍ အဝတ်ဖြင့်သိုင်း၍ မြို့ရွာတွင်းမှာ မသွား မနေရ။

၁၆။ ဆွမ်းခံကြွသည့်အခါ ဆွမ်းကို ရိုသေစွာခံယူရမည်။

၁၇။ သပိတ်၌ အမှတ်ရှိသည်ဖြစ်၍ ဆွမ်းကိုခံယူရမည်။

၁၈။ ဆွမ်း၏လေးဖို့တစ်ဖို့ ပဲနောက်ဟင်းစသည်နှင့်မျှအောင် ဆွမ်းကိုခံယူရမည်။

၁၉။ သပိတ်၏အတွင်းအနားရေးနှင့်အမျှဆွမ်းကို ခံယူရမည်။

၂၀။ ဆွမ်းဘုဉ်းပေးသည့်အခါ ရိုသေစွာဆွမ်းကို ဘုဉ်းပေးရမည်။

၂၁။ သပိတ်၌ အမှတ်ရှိသည်ဖြစ်၍ ဆွမ်းကိုဘုဉ်းပေးရမည်။

၂၂။ အစဉ်အတိုင်းဆွမ်းကို ဘုဉ်းပေးရမည်။

၂၃။ ဆွမ်း၏လေးဖို့တစ်ဖို့ ပဲနောက်ဟင်းစသည်နှင့်အမျှ ဆွမ်းကိုဘုဉ်းပေးရမည်။

၂၄။ ဆွမ်းဦးမှ နှိပ်၍ ဆွမ်းကို မဘုဉ်းပေးရ။

၂၅။ ဟင်းရိုးနိုးကိုလည်းကောင်း အမဲဟင်းလျာကိုလည်းကောင်း များများရအောင် ဆွမ်းဖြင့်ဖုံး၍မထားရ။

၂၆။ ဟင်းကိုလည်းကောင်း ဆွမ်းကိုလည်းကောင်း မနာမဖျားပဲ မိမိအကျိုးငှာ တောင်း၍ မဘုဉ်းပေးရ။

၂၇။ ကဲ့ရဲ့လိုသော အမှတ်ဖြင့် သူတစ်ပါး၏သပိတ်ကိုမကြည့်ရ။

၂၈။ အလွန်ကြီးသောဆွမ်းလုပ်ကိုပြု၍ မဘုဉ်းပေးရ။

၂၉။ အဝန်းညီစွာ ဆွမ်းလုပ်ကိုပြု၍ ဘုဉ်းပေးရမည်။

၃၀။ ဆွမ်းလုပ်ခံတွင်းဝမရောက်မီ ခံတွင်းဝကို ဖွင့်မထားရ။

၃၁။ ဆွမ်းဘုဉ်းပေးသောအခါ လက်ချောင်းများကို ခံတွင်းသို့မထည့်ရ။

၃၂။ ဆွမ်းလုပ်နှင့်တကွသောခံတွင်းဖြင့် စကားမပြောရ။

၃၃။ ဆွမ်းလုပ်ကိုမြှောက်၍ မဘုဉ်ပေးရ။

၃၄။ ဆွမ်းလုပ်ကို ကိုက်ဖြတ်၍ ကိုက်ဖြတ်၍ မဘုဉ်းပေးရ။

၃၅။ မြောက်ကဲ့သို့ ပါးစောင်ထား၍ မဘုဉ်းပေးရ။

၃၆။ လက်ကို ခါ၍ ခါ၍ မဘုဉ်းပေးရ။

၃၇။ ဆွမ်းလုံးကို ကြဲ၍ ကြဲ၍ မဘုဉ်းပေးရ။

၃၈။ လျှာကိုထုတ်၍ ထုတ်၍ မဘုဉ်းပေးရ။

၃၉။ စပ်စပ် အသံကိုပြု၍ ပြု၍ မဘုဉ်းပေးရ။

၄၀။ ရှုတ်ရှုတ်အသံကိုပြု၍ ပြု၍ မဘုဉ်းပေးရ။

၄၁။ လက်ကို လျက်၍ လျက်၍ မဘုဉ်းပေးရ။

၄၂။ သပိတ်ကိုခြစ်၍ ခြစ်၍ မဘုဉ်းပေးရ။

၄၃။ နှုတ်ခမ်းကို လျက်၍ လျက်၍ မဘုဉ်းပေးရ။

၄၄။ ဆွမ်းဟင်းပေနေသောလက်ဖြင့် သောက်ရေခွက်ကို မကိုင်ရ။

၄၅။ ဆွမ်းလုံးနှင့်တကွသော သပိတ်ဆေးရေကို မြို့ရွာတွင်းမှာ မစွန့်ရ။

၄၆။ မနာမဖျားပဲ မတ်တတ်ရပ်၍ ကျင်ကြီးကျင်ငယ်မစွန့်ရ။

၄၇။ မနာမဖျားပဲ စိမ်းသောမျက်သစ်ပင်ရှိရာအရပ်၌ ကျင်ကြီး ကျင်ငယ် တံတွေး မစွန့်ရ။

၄၈။ မနာမဖျားပဲ ဘုံးဆောင်ကောင်းသောရေဒွဲ ကျင်ကြီး ကျင်ငယ် တံတွေးမစွန့်ရ။
(ဤကားသေခိယကျင့်ဖွယ်ကောက်နုတ်ချက်တည်း။)

**ရဟန်းသာမဏေတို့ပြုရမည့်ဝတ္တရား (၁၄)ပါး**

၁။ **အာဂန္တုကဝတ်** = အရံတွင်းသို့မဝင်မီ ဖိနပ်ချွတ်ခြင်း၊ ထီးရုပ်ခြင်း၊ ဦးခေါင်းခြုံကိုဖွင့်ခြင်း၊ ဦးခေါင်း၌တင်ထားသောသင်္ကန်းကို ပခုံးသို့ချခြင်း၊ အာဝါသိက ရဟန်းကြီးကို ရှိခိုးခြင်း။

၂။ **အာဝါသိကဝတ်** = အာဂန္တုရဟန်းကြီးကိုမြင်လျှင် ခရီးဦးကြိုဆိုခြင်း၊ သပိတ်သင်္ကန်းကို လှမ်းယူခြင်း၊ အာဂန္တုရဟန်းကြီးကို ရှိခိုးခြင်း၊ ခြေဆေးခြင်း၊ ခြေဆေး အင်ပျဉ်စသည်ကို အနီး၌ချထားခြင်း။

၃။ **ဂမိကဝတ်** = သစ်ဘဏ္ဍာ၊ မြေဘဏ္ဍာစသည်တို့ကို သိုမှီးခြင်း၊ တံခါးမလေသာ တံခါးတို့ကိုပိတ်ခြင်း၊ ပန်ပြော၍သွားခြင်း စသောခရီးသွားရာ၌ ပြုရာသောဝတ်။

၄။ **အနုမောဒနဝတ်** = မထေရ်ကြီးတရားဟောခြင်း၊ မထေရ်ကြီးကတိုက်တွန်းမှဟောခြင်း၊ ပန်လျှောက်၍ဟောခြင်း စသောတရားဟောရာ၌ ပြုရာသောဝတ်။

၅။ **ဘတ္တဂ္ဂဝတ်** = တရားဟောခြင်း၊ ရဟန်းကြီးကိုတိုးဝှေ့၍ မနေထိုင်ခြင်း၊ ရဟန်းငယ်ကို နေရာဖြင့်မတားမြစ်ခြင်း စသောဆွမ်းစားဇရပ်၌ ပြုရာသောဝတ်။

၆။ **ပိဏ္ဍစာရိကဝတ်** ။ သစ်ဘက္ကာ၊ မြေဘက္ကာစသည်တို့ကို သိုမှီးခြင်း၊ သပိတ်ကိုရေကျင်းခြင်း၊ ခါးပန်းကိုဖွဲ့ခြင်း၊ သင်းပိုင်သင်္ကန်းတို့ကို အဝန်းညီစွာဝတ်ရုံ၍ သေခိယနှင့်အညီသွားခြင်း၊ မနွေးမလျင် မြို့ရွာတွင်းသို့ဝင်ခြင်း၊ မရှည်မကြာရပ်ခြင်း စသော ဆွမ်းခံရဟန်းသာမဏေတို့ ပြုရသောဝတ်။

၇။ **အာရညကဝတ်** ။ သောက်ရေသုံးဆောင်ရေတည်ထားခြင်း၊ မီးပွတ်ခုံ ပွတ်ကျည် တောင်ဝှေးထားခြင်း၊ အရပ်လေးမျက်နှာ တာရာနက္ခတ်တို့ကို မှတ်သားခြင်း စသောတောနေရဟန်းသာမဏေတို့ ပြုရသောဝတ်။

၈။ **သေနာသနဝတ်** ။ ကျောင်းဆောင်အင်းပျဉ် အိပ်ရာနေရာတို့ကို သန့်ရှင်းခြင်း၊ နေလှန်းခြင်း၊ ပရိဝုဏ်ရေချိုးအိမ်ဝစ္စကုဋိတို့ကို တံမြက်လှည်းခြင်း စသောကျောင်း၌ပြုရသောဝတ်။

၉။ **ဇန္တာဃရဝတ်** ။ ပြာကိုစွန့်ခြင်း၊ တံမြက်လှည်းခြင်းစသော ချွေးဇရုံအိမ် မီးဖိုဆောင်၌ ပြုရသောဝတ်။

၁၀။ **ဝစ္စကုဋိဝတ်** ။ ချောင်းဟန့်ခြင်း၊ သင်္ကန်းတန်း၌သင်္ကန်းကိုတင်၍ မနွေးမလျင် ဝင်ခြင်း၊ သင်းပိုင်ကိုပင့်၍ မဝင်ခြင်း၊ နင်းခုံ၌နင်းမိမှသင်းပိုင်ကို ပင့်ခြင်း၊ ကြမ်းသောကနုတန် စသည်ကိုမသုတ်ခြင်း၊ သန့်သက်ရေဆေးခြင်း၊ နင်းခုံ၌ နင်းလျက် သင်းပိုင်ကိုဖုံးလွှမ်းခြင်း စသော ကျင်ကြီး၊ ကျင်ငယ် အိမ်၌ပြုရသောဝတ်။

၁၁။ **ဥပဇ္ဈာယဝတ်** = နံနက်စောစောထ၍ ကိုယ်ဝတ်ကိုလက်ကတော့တင်၍ မျက်နှာသစ်ရေ တံပူကပ်ခြင်း၊ ယာဂုဆွမ်းကပ်ခြင်း၊ သပိတ်ခွက်ဆေးခြင်း၊ ကျောင်းအိပ်ရာနေရာကိုသုတ်သင်ခြင်း၊ နေလှန်းခြင်း၊ တံမြက်လှည်းခြင်း၊ နေရာခင်းခြင်းစသော ဥပဇ္ဈာယ်ဆရာ၌ အတူနေတပည့်တို့က ပြုရသောဝတ်။

၁၂။ **သဒ္ဓိဝိဟာရိကဝတ်** = သင်္ဂြိုဟ်ထောက်ပန့်ချီးမြှင့်ခြင်းဖြင့် အတူနေတပည့်တို့၌ ဥပဇ္ဈာယ်ဆရာက ပြုရသောဝတ်။

၁၃။ **အာစရိယဝတ်** = နံနက်စောစောထ၍ ကိုယ်ဝတ်ကိုလက်ကန်တော့ကင်၍ မျက်နှာသစ်ရေ တံပူကပ်ခြင်း သပိတ်ခွက်ဆေးခြင်း၊ ကျောင်းအိပ်နေရာကိုသုတ်သင်ခြင်း၊ နေလှန်းခြင်း၊ တံမြက်လှည်းခြင်း၊ နေရာခင်းခြင်းစသည်ဖြင့် ဆရာ(၄)ပါးတို့၌ တပည့် (လေး◌ါး)တို့က ပြုရသောဝတ်။

၁၄။ **အန္တေဝါသိကဝတ်** = သင်္ဂြိုဟ်ထောက်ပန့်ချီးမြှင့်ခြင်း စသည်ဖြင့် တပည့်(၄)ပါးတို့၌ ဆရာ(၄)ပါးတို့က ပြုရသောဝတ်။

**(စုဒ္ဒသ ခန္ဓကဝတ် ၁၄-ပါး ပြီး၏။)**

# မြန်မာ့ယဉ်ကျေးမှုစလေ့ သက္ကရာဇ်ဇလျှာက်ပုံဇယား

ကောဇာသက္ကရာဇ်

သက္ကရာဇ် ၁၃၆၀-ခုနှစ် တေမန္တဆောင်းဥတု ကုန်ရာသီတပို့တွဲလ ပန်းမှာပေါက်ပန်း-ငါးဘဝါး မာဃနက္ခတ် တပို့တွဲလပြည့် စနေနေ့ဖြစ်ပါသည်ဘုရား။

ပန်းကန့်ကော်ရွှေစကား၊ ငွေသားနှစဝယ်မှန် မြတ်လေးခတ္တာနှင့်ရွှေရင်းမာကြာခဲပွဲစနှင်းလျှံ သဇင်ကျန်ခွာတန်ပေါက်လဲ ပွင့်ဝတ်ကွယ်ရွှေဖီပင်း သင်းထုံနှင့်ကဲ။

သာသနာတော်သက္ကရာဇ်

သမ္ဗုဒ္ဓမြင်းဖြို ၆၂၂ ပုပ္ပါးစောရဟန်းမင်း ၅၆၀ နှစ်ရုပ်ပေါင်း ၁၁၈၂ ကောဇာ ၁၃၆၀ရော ပေါင်းသာသနာ ၂၅၄၂ခု

| ဥတု | စဉ် | လ | | ရာသီ | ပန်း | ဘဝါး | | နက္ခတ် |
|---|---|---|---|---|---|---|---|---|
| ဂိမှန္တနွေ | ၁။ | တန်ခူး | ၂၉ | မိဿ | ကန့်ကော် | ၃ | စစ် | စိတြ |
| | ၂။ | ကဆုန် | ၃၀ | ပြိဿ | စကား | ၂ | ကိုင်း | ဝိသာခါ |
| | ၃။ | နယုန် | ၂၉ | မေထုန် | စံပယ် | ၁ | အ | ဇေဋ္ဌ |
| | ၄။ | ဝါဆို | ၃၀ | ကရကဋ် | မြတ်လေး | ၀ | နှောက် | ဥတ္တရာသန် |
| ဝဿာန်မိုး | ၅။ | ဝါခေါင် | ၂၉ | သိဟ် | ခတ္တာ | ၁ | အုတ် | သဝဏ်လျှ |
| | ၆။ | တော်သလင်း | ၃၀ | ကန် | ရင်းမာ | ၂ | ကျောက် | ဥတ္တရာပုရိုက် |
| | ၇။ | သီတင်းကျွတ် | ၂၉ | တူ | ကြာ | ၃ | စု | အဿဝဏီ |
| | ၈။ | တန်ဆောင်မုန်း | ၃၀ | ဗြိစ္ဆာ | ခဲ | ၄ | ရာ | ကြတ္တိကာ |
| ဟေမန္တဆောင်း | ၉။ | နတ်တော် | ၂၉ | ဓနု | သဇင် | ၅ | မှတ် | မိဂသီ |
| | ၁၀။ | ပြာသို | ၃၀ | မကာရ | ခွာညို | ၆ | သာ | ဖုဿ |
| | ၁၁။ | တပို့တွဲ | ၂၉ | ကုန် | ပေါက်လဲ | ၅ | ပေ | မာဃ |
| | ၁၂။ | တပေါင်း | ၃၀ | မိန် | သရဖီ | ၄ | လော | ဥတ္တရာဘရဂုဏ် |

မျောက်ကွယ်လူနီးသက္ကရာဇ်ဇလျှာက်ပုံ

## ဗုဒ္ဓါနုဿတိဂုဏ်တော်ကွန်ချာပုတီးစိပ်နည်း

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁။ | အရဟံ | = | အ | ၆။ | အနုတ္တရော | = | အနုတ် |
| ၂။ | သမ္မာသမ္ဗုဒ္ဓေါ | = | သမ် | ၇။ | ပုရိသဒမ္မသာရထိ | = | ပု |
| ၃။ | ဝိဇ္ဇာစရဏသမ္ပန္နော | = | ဝိဇ် | ၈။ | သတ္ထာဒေဝမနုဿာနံ | = | သတ် |
| ၄။ | သုဂတော | = | သု | ၉။ | ဗုဒ္ဓေါ | = | ဗုဒ် |
| ၅။ | လောကဝိဒူ | = | လော | ၁၀။ | ဘဂဝါ | = | ဘ |

ဗုဒ္ဓါနုဿတိ

ဂုဏ်တော်ကွန်ချာ

အနုလုံ ပဋိလုံ

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | | | | အ | သမ် |
| | | | | | | | အ | သမ် | ဝိဇ် |
| | | | | | | အ | သမ် | ဝိဇ် | သု |
| | | | | | အ | သမ် | ဝိဇ် | သု | လော |
| | | | | အ | သမ် | ဝိဇ် | သု | လော | အနုတ် |
| | | | အ | သမ် | ဝိဇ် | သု | လော | အနုတ် | ပု |
| | | အ | သမ် | ဝိဇ် | သု | လော | အနုတ် | ပု | သတ် |
| | အ | သမ် | ဝိဇ် | သု | လော | အနုတ် | ပု | သတ် | ဗုဒ် |
| အ | သမ် | ဝိဇ် | သု | လော | အနုတ် | ပု | သတ် | ဗုဒ် | ဘ |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| အ | သမ် | | | | | | | | |
| အ | သမ် | ဝိဇ် | | | | | | | |
| အ | သမ် | ဝိဇ် | သု | | | | | | |
| အ | သမ် | ဝိဇ် | သု | လော | | | | | |
| အ | သမ် | ဝိဇ် | သု | လော | အနုတ် | | | | |
| အ | သမ် | ဝိဇ် | သု | လော | အနုတ် | ပု | | | |
| အ | သမ် | ဝိဇ် | သု | လော | အနုတ် | ပု | သတ် | | |
| အ | သမ် | ဝိဇ် | သု | လော | အနုတ် | ပု | သတ် | ဗုဒ် | |
| အ | သမ် | ဝိဇ် | သု | လော | အနုတ် | ပု | သတ် | ဗုဒ် | ဘ |

မူရင်းမဟာဝါအဋ္ဌကထာ၌လာသည်

ဘဒ္ဒန္တနန္ဒိယ (အဂ္ဂမဟာပဏ္ဍိတ) ပခုက္ကူအလယ်တိုက်

ဂုဏ်တော်တစ်ပါး ပုတီးတစ်လုံးချ

ပုတီးတစ်ပတ် ဂုဏ်တော် ၁၀၈-ပါး။

## အရုဏ်တက်၊ နေထွက်၊ နေဝင်

ဝါဆိုလေးခွဲ - ပြာငါးခွဲ မှတ်စွဲ ပုံသေထား
ဝါဆိုမှပြာ - ဆယ်မိနစ်ကွာ ပေါင်းကာ ပေါင်းကာသွား
ပြာသိုမှဝါ ဆယ်မိနစ်ကွာ နှုတ်နှုတ်ကာသွား
နေဝင် နေထွက် အရုဏ်တက် တသက်ဆောင်၍ထား
နေဝင် နေထွက် အရုဏ်တက် မှတ်ချက် တစ်နာရီခြား

| စဉ် | လ, အမည် | အရုဏ်တက် | နေထွက် | နေဝင် |
|---|---|---|---|---|
| ၁ | တန်ခူး | ၅း၀၀ | ၆း၀၀ | ၆း၀၀ |
| ၂ | ကဆုန် | ၄း၅၀ | ၅း၅၀ | ၅း၅၀ |
| ၃ | နယုန် | ၄း၄၀ | ၅း၄၀ | ၅း၄၀ |
| ၄ | ဝါဆို | ၄း၃၀ | ၅း၃၀ | ၅း၃၀ |
| ၅ | ဝါခေါင် | ၄း၄၀ | ၅း၄၀ | ၅း၄၀ |
| ၆ | တော်သလင်း | ၄း၅၀ | ၅း၅၀ | ၅း၅၀ |
| ၇ | သီတင်းကျွတ် | ၅း၀၀ | ၆း၀၀ | ၆း၀၀ |
| ၈ | တန်ဆောင်မုန်း | ၅း၁၀ | ၆း၁၀ | ၆း၁၀ |
| ၉ | နတ်တော် | ၅း၂၀ | ၆း၂၀ | ၆း၂၀ |
| ၁၀ | ပြာသို | ၅း၃၀ | ၆း၃၀ | ၆း၃၀ |
| ၁၁ | တပို့တွဲ | ၅း၂၀ | ၆း၂၀ | ၆း၂၀ |
| ၁၂ | တပေါင်း | ၅း၁၀ | ၆း၁၀ | ၆း၁၀ |

## ရေနာရီတွက်နည်း

* လောဟိတတမ္ဗ သောဠသ ကဟာပနာ။
သတ္တင်္ဂုလ-လုဗ္ဗေဒါ - .
* မုခေမှာ န၀င်္ဂုံ ဘားမှုမှန်စွာ။
ဆယ့်ခြောက်နှစ်ပျိုကညာ -
ဆံကေသာပျော့ပျောင်း -
* ဆယ့်ခြောက်ပင်ဝင်ရုံလွှစ်
ခါသစ်လျှင်နာရီကြော့
ဟီးတော့ငွေမောင်း။

(ကညွတ်ကွင်းမြို့၊ မဟာသုဇိတာရုံဆရာတော်ထံမှရသည်။)

**အဓိပ္ပါယ်သချုပ်မှာ** –

(လောဟိတတမ္ဗ သောဠသ ကဟာပနာ) အရ
ကြေးနီနှင့် ငွေတစ်ဆယ့်ခြောက်ကျပ်သားရောစပ်
(သတ္တင်္ဂုလုဗ္ဗေဒါ)အရ သတ္တ အင်္ဂုလ ဥဗ္ဗေဒဟု ပုဒ်ဖြတ်၍ အစောင့်လက်ခုနစ်သစ်ထား။
(မုခေမှာန၀င်္ဂုံ)မုခ န၀-အင်္ဂုလ ပုဒ်ဖြတ်ထိပ်၀ လက်ကိုးသစ် ပမာဏပြုလုပ်ပြီးလျှင်

ဆံဆယ့်ခြောက်ပင်ဝင်ရုံအပေါက်ငယ်ဖောက်၍ ၎င်းခွက်၌ ရေအပြည့်ထည့်သော် အပေါက်ငယ်မှ တစ်စက်စက်ကျလျှက် ရေခွက်၌ ရေကုန်လျှင် တစ်နာရီ တစ်မောင်းတည်း လေဟု ဟူသတည်း။

## ဗုဒ္ဓဘာမှတ်ဖွယ်

ဗုဒ္ဓသည် မိမိသာသနာတော်၌ သာသနာ့ဝန်ထမ်းများကို

(၁) ဘိက္ခု - (ရဟန်းယောကျ်ား)

(၂) ဘိက္ခုနီ - (ရဟန်းမိန်းမ)

(၃) သိက္ခမာန် - (သိက္ခာသုံးပါးကျင့်ဆဲရဟန်းလောင်းမ)

(၄) သာမဏေ - (ကိုရင်ယောကျ်ား)

(၅) သာမဏေရီ - (သာမဏေမ) ဟူ၍ ငါးမျိုးခွင့်ပြုခဲ့သည်။

ဤနေရာ၌ ဘိက္ခုနီသာသနာကွယ်ပပြီးဖြစ်၍၊ အမျိုးသမီး သာသနာ့ဝန်ထမ်းများကို ရှင်းမပြတော့ပါချေ။ ဗုဒ္ဓသာသနာ၌ ရဟန်းခံနည်းရှစ်မျိုးရှိ၏။ ထိုအထဲမှ လိုရင်း ငါးမျိုးကိုသာ ပြအံ့။

ဗုဒ္ဓလက်ထက်တော်၌ ဗုဒ္ဓသည် -

(၁) သုတ္တန်ပိဋကတ်တော်လာ ၂၇၃၀၀ (နှစ်သောင်းခုနှစ်ထောင်သုံးရာ)အရေအတွက်ရှိ ရဟန်းများနှင့် ဝိနည်းပိဋကတ်တော်လာ ၁၃၅၀- (တစ်ထောင့်သုံးရာငါးဆယ်) အရေအတွက်ရှိ ရဟန်းများတို့ကို နှစ်ရပ်ပေါင်း၍ ၂၈၆၅၀ (နှစ်သောင်းရှစ်ထောင် ခြောက်ရာငါးဆယ်)အရေအတွက်ရှိ ရဟန်းတို့ကို (ဧဟိဘိက္ခုခေါ်တော်မူ၍) ကိုယ်တော်တိုင် ရဟန်းခံပေးခဲ့သည်။

(၂) တဖန် ကဿပအနွယ်ဝင် (ပိပ္ပလိလုလင်)အမည်ရှိ ရှင်မဟာကဿပမထေရ်ရောက်လာသည်ကို မြင်ကာ ဗုဒ္ဓသည် ကိုယ်တော်တိုင်ကြွ၍ ခရီးဦးကြိုပြီး ရှင်မဟာကဿပအား သုံးဂါထာ ဖြင့်ဩဝါဒပေးလျှက် ရဟန်းဖြစ်စေခဲ့ပါသည်။

(၃) တဖန် ခုနှစ်နှစ်ရွယ်သာမဏေငယ် သောပါကအား အမေးပုစ္ဆာကိုမေး၍ ဖြေဆိုစေတော်မူ၏။

သာမဏေမှ သဗ္ဗညုတဉာဏ်သို့လိုက်၍ ဖြေဆိုခဲ့သည်ကို ဗုဒ္ဓသည် အဖြေ၌ နှစ်သက်တော်မူ လှသဖြင့် ထိုအဖြေနှင့်ပင် သာမဏေအား ရဟန်းဖြစ်စေခဲ့၏။

အထက်ပါသုံးမျိုးကား ဗုဒ္ဓကိုယ်တိုင်သာ ရဟန်းခံပေးခွင့်ရှိ၍၊ ရဟန်းသံဃာတော်များနှင့် မသက်ဆိုင်ပါချေ။

ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးဖြစ်၍ ယခုခေတ်၌ ၎င်းရဟန်းခံနည်းလည်း ကွယ်ပတော့၏။

(၄) သရဏဂုံပေး၍ ရဟန်းခံခြင်းတစ်မျိုးနှင့် သီးသန့်ပိုင်းခြားထားသော သိမ်အတွင်း၌ ဉတ်တစ်ကြိမ် ကမ္မဝါစာသုံးကြိမ် ရွတ်ဖတ်သရဇ္ဈာယ်ကာ ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်းခံခြင်းတစ်မျိုးဟူ၍ နှစ်မျိုးနှစ်စားရှိပြန်၏။

ထိုနှစ်မျိုးတို့တွင် သားတော်ရာဟုလာ (ရှင်ပြုကိုရင်ဝတ်ရာ၌) သရဏဂုံဖြင့် သီးသန့်သာမဏေများအတွက် အသုံးပြု (ကိုရင်ဝတ်ပေးခဲ့၏) ရာဟုလာအကြောင်းပြု၍ သရဏဂုံပေးလျှက် ကိုရင်ဝတ်ခြင်းကို ခွဲခြားခွင့်ပြုခဲ့၏။ ထိုအခါမှစ၍၊ သာမဏေများအတွက် ခွင့်ပြုချက် သီးသန့်လည်း ဖြစ်ခဲ့၏။

(၅) တဖန်အတိဒုက္ခရောက်လျှက်ရှိသော ရာဓပုဏ္ဏားကြီးအား သနားလှသဖြင့် ရှေးက ဆွမ်းတစ်ဇွန်းလောင်းခဲ့ဘူးသော ကျေးဇူးဂုဏ်ကိုထောက်၍ ရှင်သာရိပုတ္တရာသည် ရဟန်းပြုပေးခွင့် ဗုဒ္ဓထံ ခွင့်ပန်ခဲ့၏။ ထိုအခါ ဗုဒ္ဓသည် "သာရိပုတ္တရာ ရာဓပုဏ္ဏားကြီး အား ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်းပြုပေးလော့"ဟု ဝိနည်းသိက္ခာပုဒ်ကို ခွင့်ပြုခဲ့၏။ ထိုအခါမှစ၍ ယနေ့အထိ ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ဗုဒ္ဓသာသနာ၌ ရဟန်းပြုပေး ခဲ့ကြ၏။ နောင်လည်း ဉတ္တိစတုတ္ထကမ္မဝါစာဖြင့်ပင် ရဟန်းခံရဦးမည်။ ဉတ္တိစတုတ္ထကမ္မဝါစာအစ ရှင်ရာဓကဟု မှတ်ရမည်။

ရှင်ရဟန်း လူတိုင်းမပြုနိုင် မပြုထိုက်သူများမှာ အောက်ပါတို့တည်း -

ပဏ်-ထေ-ပက်-ဋ္ဌာန်-ပဋ္ဌာနန်-

ဒူသံ-ဥဘောဗ-

ရှင်မပြုရ-ဆယ့်တစ်မျိုး - မှတ်ကြအဘဗ္ဗာ။

## လက်ာအစ်ိပ္ပါယ်လာသည့်မှာ

(၁) ပဏ်-၊ ပဏ္ဍုက်- လက်ာအဓိပ္ပါယ်လာသည့်မှာ (မိန်းမ၊ ယောက်ျား မထင်ရှား ဘာဝရုပ်ချို့တဲ့သူ၊ နပုန်လိင်)

(၂) ထေ-၊ ထေယျသံဝါသက - (အပေါင်းအဖေါ်အသွင်၊ ခိုးမှုအယောင်ဆောင်) ရဟန်း ယောင်ဆောင်၍ ကံကြီးကံငယ်ဆောင်သော လူသာမဏေပင်ဖြစ်၏။ ၎င်းတို့သည် ရှင်ရဟန်းပြုခွင့်မရ။

(၃) ပက်-၊ တိတ္ထိယပက္ကန္တက- တိတ္ထိဘောင်သို့ ပြောင်းသွားသော ရှင်ရဟန်း- ဘုရားသာသနာမှ တစ်ပါးသော အယူသာသနာပြောင်းသွားသူကို ရှင်ရဟန်းမပြုရ။ တစ်ပါးသောသာသနာမှ ဘုရားသာသနာပြောင်းလာလျှင် ရှင်ရဟန်းပြုကောင်း၏။ ဘာသာခြားများရဟန်းပြုကောင်း၏။

(၄) တ္ထာန်-၊ တိရစ္ဆာန် - လူယောင်ဆောင်ဖန်ဆင်းတတ်သူ နဂါး-ဂဠုန်၊ ဂူမ္ဘာန်၊ ယက္ခ နတ်စသည် (လူယောင်ဆောင်၍ ရဟန်းခံခြင်းမပြုရ)။

(၅) ပဏ္ဍာနန်-၊ ပဏ္ဍာနန္တရိယကံကြီးထိုက်သူ၊ ၄င်းကံကြီးမှာ ကြီးလွန်း၏။ ကုစား၍မရ။

## ကံကြီးငါးပါး

- မာတုဃာတက = အမိကိုသတ်ခြင်း၊
- ပိတုဃာတက = အဖကိုသတ်ခြင်း၊
- အရဟန္တဃာတက = ရဟန္တာကိုသတ်ခြင်း၊
- **လောဟိတုပ္ပါဒက** = ဘုရားရှင်ကိုသွေးစိမ်းတည်အောင်ပြုခြင်း (ဓာတ်တော်ဖောက်ထွင်းခိုးယူခြင်း၊ စေတီပုထိုး ဆင်းတုဖျက်ဆီးခြင်းကိုလည်းမပြုရ။)

  စေတနာသား၍ ကောင်းအောင်ပြုပြင်သူများအတွက် အပြစ်ဖြစ်ဖွယ်မရှိ။
- သံဃဘေဒကသံဃာသင်းခွဲသောရဟန်း

  ဤကံကို ရဟန်းများသာ ပြုလုပ်နိုင်၏။

ဤကား ပဏ္ဍကနန္ဒိယ - ကံကြီးငါးပါးတည်း။ ဤကံကြီးငါးပါးကို ကျူးလွန်ပါမူ သေသည်၏အခြားမဲ့၌ အဝီစိငရဲသို့ ကျ၏။

၁၀။ ဒူသံ -၊ ဘိက္ခုနီ ဒူသက - ဘိက္ခုနီမများကို ဖျက်ဆီးသူ (ယခုအခါ ဘိက္ခုနီ သာသနာ မရှိတော့၍ သီလရှိသော ယောဂီသူတော်စင်၊ ဂုဏ်ရှိကျင့်ကြံသူများကို မဖျက်ဆီးသင့်)

၁၁။ ဥဘောဗ-၊ ဥဘတောဗျဉ္ဇနက - နိမိတ်ပုံစံနှစ်ခုရှိသော ဥဘတောဗျည်း။ (ယောကျ်ားလိင်၊ မိန်းမလိင်နှစ်မျိုးလုံးပါရှိသော ဣတ္ထိလိင် ပုလ္လိင်တည်း)

ဤတစ်ဆယ်တစ်ယောက်တို့သည် ရှင်မပြုထိုက်သော အဘဗ္ဗပုဂ္ဂိုလ်များ ဖြစ်ကြ၏။ ရှင်ဖြစ်ထိုက်/မဖြစ်ထိုက်ကို အထက်ပါ အင်္ဂါရပ်များဖြင့်စစ်ပါ။ ယခုကာလ ယောကျ်ားမပီသသူ၊ မိန်းမရှာများ သာသနာ့ဘောင်၌ ရှင်ရဟန်းပြုသင့်/မပြုသင့်ကို လည်း ကျမ်းဂန်နှင့်အညီစိစစ်ရပေမည်။

ပါရာဇိကကျပြီးသူနှင့် အသက်နှစ်ဆယ်မပြည့်သေးသူကိုပါ ထည့်၍ရေတွက်မူ ရဟန်းအဖြစ် မရထိုက်သူ ဆယ့်သုံးဦးဖြစ်၏။

**အဋ္ဌကထာဆောင်ရာ ရှင်ပြုနည်းမှာ —**

**ဆံရိတ်၊** သင်္ကန်းဝတ် သရဏဂုံပေးခြင်းဟူ၍ လိုရင်းသုံးပါးသာ ဖြစ်၏။ ဤနေရာ၌ ဆရာတပည့်နှစ်ဦးလုံးပင် သရဏဂုံပီသစွာ ရွတ်ဆိုမှုသည် အဓိကဖြစ်၏။ ပဓာနကျ၏။

ဆံရိတ်သောအခါ တိုက်တာကျောင်းတွင်းနေ ရဟန်းသံဃာတော်များကို ပန်ကြားပြသပြီးမှသာ ဆံရိတ်အပ်သည်။

ပန်ကြားဆရာ - ရဟန်းအရေအတွက်များနေလျှင် ခဏ္ဍာသိမ်ဖြစ်စေ၊ သမုဒ္ဒရာဖြစ်စေ၊ သွား၍ဆံရိတ်အပ်၏။ သို့မဟုတ် အခြားတနေရာမှ ဆံရိတ်ပြီးခဲ့၍ ဆံအရှည်လက်နှစ်သစ် ထက်လည်းကောင်း၊ သို့မဟုတ် နှစ်လထက်လည်းကောင်း၊ မလွန်သေးလျှင် ထပ်၍ဆံမရိတ်သော်လည်း အပြစ်မရှိအပ်၏။

ဆံရိတ်ခြင်းနှင့် သင်္ကန်းဝတ်ပေးခြင်းကို ဆရာကိုယ်တိုင်ဆောင်ရွက်အပ်၏။ သို့တည်းမဟုတ် ရဟန်းရှင်လူ တစ်ဦးဦးကိုလည်း စေခိုင်းအပ်၏။

ရဟန်းငယ်တပည့်သည် ဥပဇ္ဈာယ်ဆရာမခိုင်းစေသော်လည်း အလိုက်သိရှင်ပြုပေးမှု အပ်၏။

သရဏဂုံပေးခြင်းကို ဆရာကိုယ်တိုင် သို့မဟုတ် ရဟန်းကိုယ်တိုင်ပေးအပ်၏။

ဆံရေဆွတ်ခြင်း၊ ချေးပွတ်ခြင်းစသည်ကို ဆရာကိုယ်တိုင်ပြုအပ်၏။

ထို့ပြင် ဝဲနာအိုင်းနာစသည့် ရွံရှာဖွယ်ရှိလျှင် ထိုအနာများကို မိခင်ပမာ ရွံရှာခြင်း မရှိပဲ၊ ကိုယ်တိုင်ပွတ်တိုက်ဆေးကာ ရေချိုးပေးအပ်၏။

ထိုသို့ဆရာကိုယ်တိုင်ပြုပေးသဖြင့် နောင်အခါ လူထွက်လိုသော်လည်း အထက်ပါ ကျေးဇူးကြောင့် လူမထွက်ပဲ 'သာသနာ့ဘောင်သို့ စွဲမြဲစွာနေ၍ မထေရ်ကြီးအဖြစ်သို့ပင် ရောက်နိုင်၏။

ရေချိုး ဆံရိတ် နှစ်ကိစ္စပြီးသောအခါ နနွင်းမှုန့်၊ နံ့သာမှုန့်တို့ဖြင့် ဦးခေါင်းနှင့်တကွ ကိုယ်ကိုပွတ်တိုက်၍ ဆေးကြောအပ်၏။

ဆံရိတ်ဆဲအခါ၌ သာမဏေလောင်းအား တစ-ပဉ္စက ကမ္မဋ္ဌာန်းကို ဤသို့ချ၍ပေးအပ်၏။

ကမ္မဝဍ္ဍ်ကာယေ၊ ကေသာ လောမာ နခါ ဒန္တာ တစော ဟု ဆရာက သင်ပေးချပေးအပ်၏။

မြန်မာလို ဆံပင်၊ မွေးညှင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေဟုလည်း သင်ပေးနိုင်သည်။

သင်ခုန်းစားအဆုံး၌၊ ရဟန္တာဖြစ်သူ၊ ရှင်သာမဏေအရေးအတွက် မနည်းလှချေ။

အကယ်၍ ရဟန္တာမဖြစ်သေးက ပကတူပနိဿယသတ္တိဖြင့် နောင် မဂ်ဖိုလ်ရရေး ကျေးဇူးပြုလတ့်။

ဤကား ကလျာဏမိတ္တဆရာမြတ်ထံ မှီခိုရခြင်း၏ အကျိုးတည်း။

အထက်အဆိုပါအတိုင်း မသင်ပေးလျှင် ရှင်မပြုလျှင် ကုလပုတ္တအမျိုးကောင်းသားကို ဖျက်ဆီးသောဆရာညံ့ဟု အဋ္ဌကထာဆရာ ကဲ့ရဲ့ပြစ်တင်တော်မူသည်။ (ဤကား မှတ်သားဖွယ်ရာစကားတည်း။)

## ပရိက္ခရာရှစ်ပါး

သင်းပိုင် ကိုယ်ရုံ ဒုကုဋ် ခြံ

တစ်ဖုံခါးပန်းကြိုး

သပိတ်သင်ခုန်းရေစစ်ဆုံး

အသုံးအပ်တစ်မျိုး ဤကား ပရိက္ခရာရှစ်ပါးပြဆောင်ပုဒ်ဖြစ်၏။

သာမဏေများအတွက် သင်းပိုင်၊ ကိုယ်ရုံ၊ ခါးပန်းကြိုး၊ သပိတ်မျှသာ မပါမပြီး လိုရင်းပရိက္ခရာဖြစ်၏။ နှစ်ထပ်သင်္ကန်းကြီး (ဒုကုဋ်)မလိုပါ။

ခေါ်အလျှောက် ခေါင်းအုံး၊ စောင်၊ ခြင်ထောင်၊ သေတ္တာ၊ စာအုပ်၊ ဘောပင်၊ ဆပ်ပြာ၊ စာသင်သားသုံး ကျမ်းစာအုပ်များ လှူနိုင်ပါမူ သင့်လျော်၏။

ရှင်လောင်းကို သကလဝ္ဂေ့ စသည်ဖြင့်ဆို၍ သင်္ကန်းပေးရသည်။

ဆရာကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ရဟန်းရှင်လူ တစ်ဦးဦးကို သင်္ကန်း ဝတ်ပေးလော့ဟု နိုင်းလျှင်ဖြစ်စေ သင်္ကန်းဝတ်အပ်သည်သာ။

သကလဝ္ဂေ့စသည်ကိုမဆိုဘဲ ဆရာက ဤသင်္ကန်းယူ၍ ဝတ်တော့ဟုခိုင်းလျှင်လည်း အပ်တော့၏။

အထူးမှာ - ရှင်လောင်း၏ ကိုယ်ပိုင်သင်္ကန်းဖြစ်စေကာမူ ဆရာရဟန်း အဝတ်ခိုင်းမှသာ ဝတ်ရသည်။

ဆရာမခိုင်းရဘဲ ကိုယ်တိုင်သင်္ကန်းယူ၍ဝတ်သော် မအပ်ဟုမှတ်ရမည်။

## တိစိဝရိက် ခွင့်ပြုခြင်း

(၁) ဗုဒ္ဓသည် ညဉ့်ဦးယံ၌ သင်းပိုင်တစ်ထည် ခါးဝတ်ဖြင့်သာ ကိုယ်တော်တိုင် နေကြည့်တော်မူ၏။

(၂) ကိုယ်တော်မြတ်နွေးကိုယ်၌ အချမ်း၊ အပူ၊ ဥတု-သပ္ပါယ မျှမျှတတ ရှိ၏။ သန်းခေါင်ယံအချိန်၌ အအေးပိုလာ၏။ ထပ်၍အပေါ်ရုံသင်္ကန်းဝတ်ရုံရ၏။

မိုးသောက်ယံရောက်သော် သန်းခေါင်ချိန်ထက်ပို၍အအေးပိုလာ၏။ တဖန် အပေါ်ရုံ တစ်ထည်ထပ်၍ခြုံရပြန်၏။
အရုဏ်တက်ချိန်ရောက်ပြန်သော် အအေးပိုလွန်း၍ ခြုံထည်သင်္ကန်းတစ်ထည် ထပ်ရပြန်၏။ ခြုံသည် သင်္ကန်း ၂-ထည်ကို တစ်ထပ်တည်းပြုချုပ်စပ်၍ နှစ်ထပ်သင်္ကန်းဖြစ်ပေါ်ရ၏။
လိုရင်းမှာ - ၁။ သင်းပိုင်၊ ၂။ ကိုယ်ဝတ် ကိုယ်ရုံနှင့် ၃။ နှစ်ထည်ကိုထပ်လျက် နှစ်ထပ်ဒုကုဋ် သင်္ကန်းကိုထည့်၍ တိစီဝရိက် သင်္ကန်းသုံးထည်ဟုခေါ်ကြ၏။
သင်္ကန်းချုပ်စပ်ပုံအတိုင်းအတာပမာဏမှာ- ဗုဒ္ဓ၏သင်္ကန်းတော်သည် - ဗုဒ္ဓ၏ အထွာတော်ဖြင့် -

အလျားကိုးထွာ (လေးတောင်ထွာ)

အနံ ခြောက်ထွာ (သုံးတောင်တိတိ) ရှိ၏။

**အပြည့်မှောင်းအဟော်များအတွက်မှု**

ဗုဒ္ဓသင်္ကန်းတော်ပမာဏအောက်လျော့၍ ချုပ်ရမည်။ ဗုဒ္ဓသင်္ကန်းတော်နှင့် အရွယ်တူပမာဏချုပ်ရ။ ထို့ကြောင့် ဗုဒ္ဓတပည့် ရဟန်း၊ သာမဏေများသည် မိမိတို့၏အထွာဖြင့် အလျား လေးတောင်ထွာနှင့် အနံ သုံးတောင်ရှိ ကေသီ (အပေါ်ရုံ)နှင့် သင်္ကန်းကြီး(၂-ထပ်)ကိုသာ ချုပ်စပ်၍ ဝတ်ရုံရမည်။ (ပါတ်အောက် ဘာသာဋီကာ) သာမဏေများကား အရွယ်အလျောက် ရှင်ငယ်၊ ရှင်လတ်၊ ရှင်ကြီးဟု သင်္ကန်းလည်း ကြီး၊ ငယ်၊ လတ် ချုပ်စပ်ဝတ်ရုံနိုင်သည်။

(ပရိမဏ္ဍလ) အဝန်းညီညီ (သုပ္ပဋိစ္ဆန္န) လည်ပင်းလက်ကောက်ဝတ်ဖုံးလွှမ်းရုံမာကာရှိက အပ်စပ်တော့၏။

သာမဏေနှင့်စပ်၍ ဝိနည်းပညတ်ပုံ ဝတ္ထုသာကေပြပါဦးမည်။

ရှင်ပြုဖို့ရာ အသက်အပိုင်းအခြား ပညတ်ချက်မထားခင် -

အခါတစ်ပါး၌ ရဟန်းတို့သည် ဥပါလိ စသောသူငယ်တစ်ဆယ့်ခုနစ်ယောက်တို့ကို သာသနာ့ဘောင် ရှင်ရဟန်းပြုပေးကြကုန်၏။

ဤသူငယ်တို့သည် အိပ်ရာဝဲ၌ ကျင်ကြီးကျင်ငယ် အညစ်အကြေးစသည်တို့ကို စွန့်ကြကုန်၏။ ငိုယိုမြည်တမ်း ယော်ယမ်းအော်ဟစ်ကြကုန်၏။

အကြောင်းစုံကိုသိတော်မူ၍ ဗုဒ္ဓသည် "ရဟန်းတို့ အသက်နှစ်ဆယ်မပြည့်သော သူကို ရဟန်းခံမပေးရ" ဟု ဝိနည်းသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

အခါတစ်ပါးအမျိုးသားတစ်ဦးအိမ်၌ ရောဂါနှိပ်စက်၍ တစ်အိမ်လုံးပျက်စီး၏။

ဖခင်နှင့်သားဟူ၍ သား-ဖနှစ်ယောက်တည်သာ ကျန်နေ၏။ ထိုအခါ ဖခင်သည် ရဟန်းပဥ္စင်းအဖြစ်၊ သားသည်ရှင်သာမဏေကိုရင်အဖြစ် သာသနာ့ဘောင်၌ဝင်ရောက်ကြ၏။

တစ်နေ့သောအခါ ဖခင်ရဟန်းတော်ဦးပဥ္စင်း ဆွမ်းခံကြွသွားရာ၌ အိမ်တစ်အိမ်မှ ဆွမ်းကိုလောင်းလှူ၏။ ထိုအခြင်းအရာကို သား ကိုရင်လေးမြင်ရ၍ ဖခင်ရဟန်းကြီးထံ ပြေးလာ၏။

ထိုအခါ ကိုရင်လေးက -

ဖခင်ရဟန်းကြီး တပည့်တော်အတွက် မုန့်ပေးပါဟု တောင်းလေ၏။

ထိုစကားကိုကြားရသော လူဒကာတို့သည် ဤသူငယ်သည် ရဟန်းကြီးနှင့် ရဟန်းငိမ်းမတို့ပေါင်းဖော်၍ မွေးလာရသော သားကိုရင်လေးပင်ဖြစ်ဖွယ်ရှိ၏ဟု ကဲ့ရဲ့ ဖျင်းဆို သာတင်းပို၏။ ထိုအခါ-

အကြောင်းစုံကိုသိတော်မူ၍ ဗုဒ္ဓသည် "ရဟန်းတို့- အသက်တစ်ဆယ့်ငါးနှစ် မပြည့်သေးသူကို ရှင်ပြုမပေးရ"ဟု (မူလသိက္ခာပုဒ်ကို ပညတ်တော်မူ၏)

အခါတစ်ပါး၌ ရှင်အာနန္ဒာ၏ ဒကာတစ်ဦးသည် တစ်အိမ်လုံးပျက်စီး၏။

သားငယ် လူမမယ်နှစ်ယောက်သာကျန်ခဲ့၏။ တစ်ဆယ့်ငါးနှစ်မပြည့်သေး၍ ရှင်ပြုခွင့်မရ။

အကြောင်းစုံကို သိတော်မူ၍ ဗုဒ္ဓသည် -

အာနန္ဒာ ဤသူငယ်နှစ်ယောက်သည် ကမင်းပုဂံ၌ ကျီးကိုပြန်အောင် မောင်းနိုင်ပြီလောဟု မေးတော်မူ၏။ ကျီးပြန်အောင်မောင်းနိုင်ကြောင်း ရှင်အာနန္ဒာ လျှောက်ထားသောအခါ ဗုဒ္ဓသည် -

"ရဟန်းတို့ တစ်ဆယ့်ငါးနှစ်မပြည့်သော်လည်း ကျီးပြန်အောင်မောင်းနိုင်က ရှင်ပြုခွင့်ပြုသည်ဟု (အနုပညတ်သိက္ခာပုဒ်ပညတ်၏။)

ထိုအခါမှစ၍ ဤသာသနာတော်၌ ရှင်ပဏ္ဍိတ၊ ရှင်သုခ၊ ရှင်သောပါက စသော ခုနစ်နှစ်အရွယ်သာမကသောငယ် ရဟန္တာကိုရင်လေးများ ပေါ်ခဲ့၏။

## ပါရာဇိက (၄)ပါး
## အာသာပြန်

**၁။ ပဌမပါရာဇိက**

ရဟန်းဖြစ်သူသည် ရဟန်းတို့၏ အဓိသီလသိက္ခာနှင့် သိက္ခာပုဒ်သို့ ရောက်လျက် အဓိသီလသိက္ခာပုဒ်ကို မစွန့်မချဘဲ၊ အဓိသီလသိက္ခာနှင့် သိက္ခာပုဒ်ကို အားနည်းသည်ကို ထင်စွာမပြုဘဲ နှစ်ဦးသဘောတူတပ်ခြင်းရှိသော မေထုန်အကျင့်ကို မှီဝဲကျူးလွန်ငြားအံ့။

ယုတ်စွအဆုံး ကိရစ္ဆာန်မနှင့်သော်လည်း မှီဝဲကျူးလွန်အံ့။ ထိုရဟန်းသည် သာသနာတော်မှ ဆုံးရှုံး၏။ ရဟန်းကောင်းတို့နှင့် ကံကြီးကံငယ် ပြုဖွယ်ကိစ္စလည်း မရှိရတော့ပေ။

အင်္ဂါနှစ်ပါး ၁။ မှီဝဲလိုသောစိတ်

၂။ မိမိလိင်ကို သူတစ်ပါး၏အင်္ဂါသို့သွင်းခြင်း

(ပါရာဇိကကျ၏။)

**၂။ ဒုတိယပါရာဇိက**

ရဟန်းဖြစ်သူသည် ရဟန်းတို့၏ အဓိသီလသိက္ခာနှင့်သိက္ခာပုဒ်သို့ရောက်လျက်၊ အဓိသီလသိက္ခာပုဒ်ကို မစွန့်မချဘဲ အဓိသီလသိက္ခာနှင့် သိက္ခာပုဒ်ကို အားနည်းသည်ကို ထင်စွာမပြုဘဲ -

ရွာမှဖြစ်စေ၊ တောမှဖြစ်စေ ပိုင်ရှင်မှကိုယ်နှုတ်ဖြင့်မပေးသော သူတစ်ပါးဥစ္စာကို ငွေတစ်မတ်ဖြစ်စေ၊ တစ်မတ်တန်သောပစ္စည်းဥစ္စာကိုဖြစ်စေ တစ်မတ်ထက်ပိုလွန်သောငွေ သို့မဟုတ် ပစ္စည်းဥစ္စာကိုဖြစ်စေ၊ ခိုးလိုသောစိတ်ဖြင့် ခိုးယူငြားအံ့။

ထိုတစ်မတ်၊ တစ်မတ်ထက်ပိုလွန်သော ပစ္စည်းဥစ္စာငွေကြေးတို့ကို အရှင်မှ ကိုယ်နှုတ်ဖြင့်မပေးဘဲ ခိုးယူခြင်းကြောင့်၊ အစိုးရမင်းတို့သည် ခိုးသူကိုဖမ်းယူ၍ သတ်ပုတ်ညှင်းဆဲချုပ်နှောင်ကုန်ရာ၏။ တိုင်းပြည်မှသော်လည်း နှင်ထုတ်ရာ၏။

သင်သည် သူခိုးဖြစ်၏။ လူမိုက်ဖြစ်၏။ တွေဝေမှေ့မောသူဖြစ်၏။ ဝှက်တတ်ခိုးတတ်သူဖြစ်၏။ ဤသို့သောစကားဖြင့် ဆဲရေးမှုလည်း ဆဲရေးရာ၏။

ဤသို့ တစ်မတ်၊ တစ်မတ်ထက်လွန်သော ငွေကြေးဥစ္စာတို့ကို အရှင်မှ ကိုယ်နှုတ်ဖြင့် မပေးဘဲ ခိုးယူသော ရဟန်းလည်း သာသနာတော်မှ ဆုံးရှုံး၏။

အင်္ဂါ - ၁။ လူ၏ဥစ္စာ၊ ၂။ လူ့ဥစ္စာဟုအမှတ်ရှိ။ ၃။ ခိုးလိုသောစိတ်။
၄။ တစ်မတ်၊ တစ်မတ်ထက်အလွန်။ ၅။ ခိုးယူခြင်း အင်္ဂါငါးပါး။

## ၃။ မနုဿဝိဂ္ဂဟပါရာဇိကာ

ရဟန်းဖြစ်သူသည် အားနည်းသည်ကိုထင်စွာမပြုဘဲ၊ သတ္တဝါဟူသောအမှတ်၊ သတ်လိုသောစိတ်ဖြင့် လုံ့လပြု၍ လူဇာတ်ဖြစ်သူ၏ ကိုယ်ကိုအသက် ဇီဝိတိန္ဒြေမှ ချွေးအံ့။ ထိုသူ၏အနီးအနားဌ် ဓားလက်နက်သော်လည်းချကားအံ့။ သေခြင်း၏ဂုဏ်ကျေးဇူးတရားကိုလည်း ချီးမွမ်းအံ့။ သေခြင်းကိုလည်းဆောက်တည်စေအံ့။

အိုယောက်ျား သင့်အားပုတ်မှာသော၊ မကောင်းသော အသက်ရှည်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း။

သင့်အား အသက်ရှင်နေရတာထက် သေရတာကမြတ်၏ဟု ဤသို့သေစေလိုသောစိတ်၊ သေစေလိုသောဆန်းကြယ်သောအကြံရှိ၍ များစွာသောအကြောင်းဖြင့် သေခြင်းကိုလည်း

ချီးမွမ်းအံ့။ သေခြင်း၏ကျေးဇူးဂုဏ်ကိုလည်း ချီးမွမ်းအံ့။ သေခြင်းကိုလည်းဆောက်တည်အံ့။ ၄င်းရဟန်းသည် သာသနာတော်မှ ဆုံးရှုံး၏။ ရဟန်းကောင်းတို့နှင့် ကံကြီးကံငယ် ပြုဖွယ်ကိစ္စလည်း ယခုအခါ မရရှိတော့ပေ။

အင်္ဂါ - ၁။ လူဖြစ်သောသတ္တဝါ

၂။ သတ္တဝါဟူသောအမှတ်

၃။ သေစေလိုသောစိတ်

၄။ သတ်ခြင်းပယောဂ

၅။ ထိုပယောဂကြောင့်သေခြင်း။ အင်္ဂါငါးပါး။

၄။ ဥတ္တရိမနုဿဓမ္မပါရာဇိက

ရဟန်းဖြစ်သူသည်၊ ပ၊ အားနည်းသည်ကိုထင်စွာမပြုဘဲ မိမိ၌ လူတို့၏ ကုသလကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော (ကုသလကမ္မပထတရားဆယ်ပါးကား ကာယကံမှရှောင်ကြဉ်ခြင်း ၃ပါး၊ ဝစီကံမှရှောင်ကြဉ်ခြင်း ၄-ပါး၊ မနောကံမှရှောင်ကြဉ်ခြင်း ၃-ပါးတည်း) မဂ်ဖိုလ်ဈာန်တရား ထင်ရှားရှိသည်ကို မသိဘဲ- ဝါ- မရှိဘဲ ကိလေသာကို ဖျက်ဆီးခြင်းငှာ စွမ်းနိုင်သော မြတ်သောဉာဏ်အမြင်ရှိသော လူတို့၏ ကုသလကမ္မပထ တရားဆယ်ပါးတက် သာလွန်မြတ်သော ဈာန်တရား၊ မဂ်တရား၊ ဖိုလ်တရားကို- ဝါ - မြတ်သော ဈာနလာဘီအရိယာပုဂ္ဂိုလ်တို့၏ တရားကို မိမိ၌ ဈာန်မဂ်ဖိုလ်တရား ဆောင်သည်၊ မိမိကိုယ်ကို ဈာန်မဂ်ဖိုလ်တရားဆောင်သည်ကိုပြု၍ (မရဘဲရယောင်ဟန်ဆောင်၍)

ဤအကြောင်းကိုငါသိ၏။

ဤအကြောင်းကို ငါမြင်၏ ဟု ဤသို့ပြောကြားအံ့။

- ပြောဆိုပြီးမှ တစ်ပါးသောအခါ၌

သူတစ်ပါးတို့ မေးစိစစ်သော်လည်းကောင်း၊

သူတစ်ပါးတို့ မမေးမစိစစ်သော်လည်းကောင်း၊

အာပတ်သင့်ပြီး၊ ရဟန်းသည် အာပတ်မှစင်ကြယ်လို၍ တဖန် ဤသို့ဆိုရာ၏။

- ငါ့ရှင်တို့ ငါသည် (ဈာန်မဂ်ဖိုလ်တရားကို) မသိပါဘဲ ငါသိ၏၊

မမြင့်ပါဘဲ ငါမြင်၏ဟု ဤသို့ အချိန်း ချိုးယွင်းသောစကားကို ပြောဆိုမိ၏ဟု ဆိုရာ၏။ ရှုံးခြင်းကိုသား၍ ရဟန်းသည်လည်း သာသနာတော်မှ ဆုံးရှုံးသည်။ ရဟန်းကောင်း ရဟန်းမြတ်တို့နှင့် ကံကြီးကံငယ်ပြုဖွယ်ကိစ္စလည်း ယခုအခါ မရနိုင်တော့ပေ။ (ထိုစတုတ္ထ ပါရာဇိကဥ္စ)-

အင်္ဂါ ၁။ မိမိ၌ ဈာန်မဂ်ဖိုလ်တရားသင်ရှာအမရှိခြင်း

၂။ ယုတ်မာသောအလိုဖြင့် ဈာန်မဂ်ဖိုလ်တရားကို ပြောကြားခြင်း

၃။ သူတစ်ပါးကိုမညွှန်းခြင်း

၄။ ပြောကြားခံရသူ လူဖြစ်ခြင်း

၅။ ကြားအဲခဏ၌ သိခြင်း။ အင်္ဂါငါးပါး။

အရှင်တို့ ပါရာဇိက (၄)ပါးတို့ကို သရုပ်ဖော်ပြခဲ့ပြီး။

ရဟန်းသည် ပါရာဇိက (၄)ပါးတို့တွင် တစ်ပါးပါးသော ပါရာဇိကသို့ရောက်၍ ရှေးလူသာမဏေဖြစ်စဉ်တုန်းက ရဟန်းသံဃာတို့နှင့် ကံကြီးကံငယ် ပြုဖွယ်ကိစ္စ မရကုန်သကဲ့သို့ ယခုကာလ၌ နောက်၌လည်း မရတော့ပေ။

သာသနာတော်မှဆုံးရှုံးပြီး ကံကြီးကံငယ် ပြုဖွယ်ကိစ္စမရတော့။

**ပါရာဇိက — ကျဝန်းက — ကုသလစင်းမရှိ။**

**(ပါရာဇိကာ လေးပါးပြီး၏။)**

# သံဃာဒိသိသ် (၁၃) ပါး

**ပထမ**

ရဟန်းသည်၊ ပ၊ ထင်စွာမပြုဘဲ အိပ်မက်၌ သုတ်လွှတ်ခြင်းကိုထား၍ လွှတ်စေလိုသော စေတနာထင်ရှားရှိလျှက် သုက်လွှတ်၏။ ဤသုက်လွှတ်ခြင်းသည် သံဃာဒိသိသ်အာပတ် သင့်၏။

**ဒုတိယ**

ရဟန်းသည် ၊ ပ ၊ ထင်စွာမပြုဘဲ၊ ရာဂတွင်း၊ ရာဂဘီလူးပူးဝင်အပ်လျှက် ဖောက်ပြန်သောစိတ်ဖြင့် မာတုဂါမ (မိန်းမ)နှင့်တကွ -

(ထိုမာတုဂါမ၏) လက်ကိုကိုင်ခြင်း

ဆံထုံးကိုကိုင်ခြင်း

ထိုမှတစ်ပါး အင်္ဂါကြီးငယ်အသွယ်သွယ်ကို သုံးသပ်ခြင်းဟုဆိုအပ်သော ကိုယ်လက်နှီးနှောခြင်းသို့ရောက်အံ့။ ထိုရဟန်းအားသံဃာဒိသိသ်အာပတ်သင့်၏။

**တတိယ**

ရဟန်းသည် ၊ ပ ၊ ဖောက်ပြန်သောစိတ်ဖြင့်၊ မာတုဂါမ (မိန်းမ)ကို ဝစ္စမဂ်၊ ပဿာဝမဂ် (ကျင်ကြီးပေါက်၊ ကျင်ငယ်ပေါက်)နှင့်စပ်၍ ရှုန့်ရင်းသော စကားကို ပြောဆြားအံ့။

လုလင်ပျိုသည်၊ မိန်းမပျိုကို မေထုန်နှင့်စပ်သောစကား၊ လူပျိုစကားပြောသကဲ့သို့ ထို့အတူ ပြောဆြားအံ့။

ထိုရဟန်းအား သံဃာဒိသိသ်အာပတ်သင့်၏။

**စတုတ္ထ**

ရဟန်းသည် ၊ ပ ၊ ဖောက်ပြန်သောစိတ်ဖြင့် မာတုဂါမ (မိန်းမ)၏အထံ၌ မိမိ၏အကျိုးငှာ မေထုန်အကျင့်တည်းဟူသော ကာမဂုဏ်၊ မိမိသည်အလိုရှိအပ်သော မေထုန်အကျင့်တည်း ဟူသော ကာမဂုဏ်ဖြင့် လုပ်ကျွေးခြင်း၏ တန်ဖိုး ဂုဏ်ကျေးဇူးကို ပြောကြားအံ့။

နှမ - အကြင်မိန်းမသည် ငါကဲ့သို့ သီလရှိ၍ ကောင်းသောသဘော၊ မြတ်သော အကျင့်ကို ကျင့်လေ့ရှိသော၊ ငါကဲ့သို့သောသူကို မေထုန်အကျင့်ဖြင့် လုပ်ကျွေးရာ၏။ ထိုမိန်းမ၏ မေထုန်ဖြင့် လုပ်ကျွေးခြင်းသည် လုပ်ကျွေးခြင်းတကာတို့ထက် အမြတ်ဆုံး လုပ်ကျွေးခြင်းဖြစ် ပေ၏။ ဤသို့မေထုန်နှင့်စပ်သော စကားကိုပြောကြားအံ့။ ထိုရဟန်းအား သံဃာဒိသိသ် အာပတ်သင့်၏။

**ပဉ္စမ**

ရဟန်းသည် မိန်းမ၊ ယောကျ်ားနှစ်ပါး၏အကြား၌ သွားလာလျက် ဆက်သွယ် ဆက်စပ် အောင်သွယ် အဖြစ်သို့ရောက်အံ့။

- မိန်းမအား ယောကျ်ားအတွက် အမြဲမယားဖြစ်စေလိုခြင်း၊
- ယာယီအခိုက်အတန့်မယားဖြစ်စေလိုခြင်း၊
- ယောကျ်ားအားမိန်းမအတွက်၊
- အမြဲလင်ဖြစ်စေလိုခြင်း၊
- သယောင့်လင်ဖြစ်စေလိုခြင်း။ ဤသို့အောင်သွယ်ပြုကြောအံ့။ ထိုရဟန်းအား သံဃာဒိသိသ်အာပတ်သင့်၏။

**ဆဋ္ဌမ**

ဆောက်လုပ်သူဒကာမရှိဘဲ၊ မိမိကိုယ်တိုင် ဆောက်လုပ်ရသော (ကုဋိ)ကျောင်းကို ဆောက်လုပ်ရသော ရဟန်းသည် အတိုင်းအတာပမာဏဖြင့် ဆောက်အပ်၏။

အတိုင်းအတာပမာဏကား မြတ်စွာဘုရားရှင်၏ လက်သန်းအထွာတော်ဖြင့် -

အလျား (၁၂) (တစ်ဆယ့်နှစ်ထွာ) အပစွန်းဖြင့်တိုင်းတာအပ်၏။

အနံ (၇) (ခုနစ်ထွာ)အတွင်းစွန်းဖြင့် တိုင်းတာအပ်၏။

ရဟန်းတို့ကို (ကုဋိ)ကျောင်းနေရာကြားခြင်းငှာ ပင့်ဆောင်အပ်ကုန်၏။

ရဟန်းတို့သည် ပိုးရွခြပုန်းစသော တစ်ဆယ့်ခြောက်ပါးသော ဘေးရန်တို့မရှိရာ။ နွားနှစ်ကောင်ကောက်သောလှည်းဖြင့် လှည့်လည်လောက်သော ဥပစာရှိရာ၌ (ကုဋိ) ကျောင်းကိုပြောကြားအပ်ကုန်၏။

ရဟန်းသည် ပိုး ရွ ခြပုန်း စသော တစ်ဆယ့်ခြောက်ပါးသော ဘေးရန်တို့ပရှိရာ။ နွားနှစ်ကောင်ကောက်သော လှည်းဖြင့် လှည့်လည်လောက်သော ဥပစာမရှိရာ၊ ထိုနေရာတွင် ကိုယ်တိုင်တောင်းသောအဆောက်အအုံဖြင့် (ကုဋိ)ကျောင်းကို အကယ်၍ဆောက်ငြားအံ့။

(ကုဋိ) ကျောင်းနေရာကြားခြင်းငှာ ရဟန်းတို့ကိုမူလည်း မပင့်ဆောင်ငြားအံ့။

မြတ်စွာဘုရား၏အထွာတော်ဖြင့် အလျားတစ်ဆယ့်နှစ်တောင်၊ အနံ ခုနစ်တောင် ပမာဏထက်လည်း အကယ်၍လွန်ငြားအံ့။ သံဃာဒိသိသ်အာပတ်သင့်၏။

(မှတ်) မြတ်စွာဘုရား၏တစ်ထွာသည် မဇ္ဈိမပုရိသ တစ်တောင့်ထွာရှိ၏။
မဇ္ဈိမပုရိသ တစ်တောင်ထွာသည် ပကတိပုရိသ လေးထွာခွဲရှိ၏။

ဆောင်ပုဒ် (ရှင်စောဘစ်ထွာ မဇ်သုံးထွာ တို့မှာ ခေါက်ချိုးတက်)။

**သတ္တမ**

ဆောက်လုပ်သူ ဒါယကာရှိသော မိမိဟုညွှန်အပ်သော ကျောင်းကြီးကို ဆောက်လုပ်သော ရဟန်းသည် ကျောင်းနေရာကြားခြင်းစေခြင်းငှာ ရဟန်းတို့ကို ပင့်ဖိတ်အပ်ကုန်၏။

ရဟန်းတို့သည် ပိုး ရွ ခြပုန်း စသော တစ်ဆယ့်ခြောက်ပါးသော ဘေးရန်တို့ရှိရာ-
နွားနှစ်ကောင် ကောက်သောလှည်းဖြင့်လှည့်လည်လောက်သော ဥပစာရှိသော ကျောင်းနေရာကို ပြောကြားအပ်၏။

ရဟန်းသည် ပိုး ရွ ခြပုန်းစသော တစ်ဆယ့်ခြောက်ပါးသော ဘေးရန်တို့မရှိရာ။
နွားနှစ်ကောင် ကောက်သောလှည်းဖြင့် လှည့်လည်လောက်သော ဥပစာမရှိရာ ကျောင်းမြေ၌ ကျောင်းကြီးကိုဆောက်ငြားအံ့။

ကျောင်းရာကိုကြားစေခြင်းငှာ ရဟန်းတို့ကိုလည်း မပင့်ဖိတ်ငြားအံ့။

(သံဃာဒိသိသ်အာပတ်သင့်၏။)

အင်္ဂါ

ရဟန်းသည် မိမိကိုယ်ကို ဒေါသသည်ဖျက်ဆီးလျက် သူတစ်ပါးကိုလည်း ဖျက်စီးစေ၏။ ထိုရဟန်းသည် ပီတိသုခမကပ်ဘဲ အခြားရဟန်းတစ်ပါးကို -

- မြင်ခြင်း၊ ကြားခြင်း၊ ရွံရှာခြင်း အရင်းမရှိသော ပါရာဇိကအာပတ်ဖြင့် စွပ်စွဲ နှိပ်စက်ဖျက်ဆီးငြားအံ့။

- ထိုရဟန်းကို ဤမြတ်သောအကျင့်မှ ရွေ့လျောစေနိုင်ငြားအံ့လည်းမသိ။ ဤသို့သော အလိုဖြင့် စွပ်စွဲနှိပ်စက်ဖျက်ဆီးငြားအံ့ - ထိုစွပ်စွဲသောရဟန်းသည် ·

- စွပ်စွဲ နှိပ်စက်ဖျက်ဆီးပြီးသည်မှနောက်၌

သူတစ်ပါးတို့မေးစီစစ်သည်ဖြစ်စေ -

မမေးမစီစစ်သည်ဖြစ်စေ -

ထိုအာပတ္တာဓိကရုဏ်သည် မြင်ခြင်းကြားခြင်း ရွံရှာခြင်းအရင်းမရှိပေ။

စွပ်စွဲသောရဟန်းသည်လည်း မိမိစွပ်စွဲနှိပ်စက်ဖျက်ဆီးသောအပြစ်ကို ဝန်ခံ၍တည်၏။ ထိုရဟန်းအား သံဃာဒိသိသ်အာပတ်သင့်၏။

နဝမ

ရဟန်းသည် ကိုယ်စိတ် အညီအညွတ်ဖြစ်၍နေသော သံဃာတော်၏ ကွဲပြားခြင်းကို အားထုတ်ငြားအံ့။

ကွဲပြားခြင်းကိုဖြစ်စေတတ်သော အကြောင်းကိုလည်းကောင်းစွာ ဆောက်တည်လျက် ချီးမြှောက်၍တည်အံ့။

ထိုရဟန်းကို မြင်ကုန်၊ ကြားကုန်သော ရဟန်းတို့သည် ဤသို့ ဆိုအပ်သည်ဖြစ်ရာ၏။

အိုအရှင် -

အရှင်သည် ညီညွတ်နေသော သံဃာတော်၏ မညီမညွတ်ဖြစ်အောင် ကွဲပြားခြင်းကို အားမထုတ်ပါနှင့်။

ကွဲပြားခြင်းကိုဖြစ်စေတတ်သော အကြောင်းကိုမူလည်း ကောင်းစွာဆောက်တည်လျက် ချီးမြှောက်၍ မတည်ပါနှင့်။

အရှင်သည် အခြားသံဃာတော်နှင့်အတူ အယူသီလညီမျှသည့်အဖြစ်သို့ ရောက်ပါလော့။

(တညီတညွတ်တည်းရှိ၍နေပါ)။

မှန်၏ ကိုယ်၊ စိတ် နှစ်ဖြာ အညီအညွတ်ဖြစ်နေသော သံဃာသည် သီလစသည် ပြည့်စုံစေခြင်းဖြင့် ဝမ်းမြောက်လျက် မဖွဲ့ အမဖွဲ့ စသည် ငြင်းခုံခြင်းမရှိပဲ၊ တူသော ပါတိမောက်ပြခြင်းရှိသည်ဖြစ်၍ ချမ်းသာစွာနေရ၏။ ထို့ကြောင့် တညီတညွတ်နေပါဟု တိုက်တွန်း၏။

မညီမညွတ် ကွဲပြားအောင် ဂုန်းချောသော ထိုရဟန်းကို မြင်ကုန်၊ ကြားကုန်သော ရဟန်းတို့သည် ဆိုဆုံးမသော်လည်း ရှေးအတူသာလျှင် အယူကိုမစွန့်ပဲ ပြောဆိုငြားအံ့။

ထိုရဟန်းကို ရဟန်းတို့သည် အယူကိုစွန့်ခြင်းငှာ ထပ်၍ ထပ်၍ သုံးကြိမ်တိုင် ဉတ်ကမ္မဝါစာဖြင့် ရွတ်ဖတ် ဆုံးမအပ်၏။

ဥတ်ကမ္ပဝါစာဖြင့် သုံးကြိမ်ဆုံးမသော် အယူကို အကယ်၍စွန့်အံ့-ကောင်း၏။ အကယ်၍ အယူကိုမစွန့်အံ့။ (သံဃာဒိသိသ်အာပတ်သင့်၏။)

**စကားပြေ**

သံဃာကွဲပြားအောင် ဂုန်းချော်လျက် လုံ့လပြုသော ရဟန်း၏သာလျှင် အယူကိုယူသဖြင့် အတုလိုက်ထောက်ခံကုန်သော မညီမညွတ်စကားကိုဆိုဘတ်ကုန်သော -

တစ်ယောက်လည်းဖြစ်

နှစ်ယောက်လည်းဖြစ်

သုံးယောက်လည်းဖြစ်ကုန်သော ရဟန်းတို့သည် ထောက်ခံအတုလိုက်၍ ဆိုကြကုန်၏။

ကွဲပြား၍အတုလိုက်ထောက်ခံသူတို့ပြောပုံမှာ

အိုအရှင်တို့ အရှင်တို့သည် ငါတို့နှင့်အယူတူသော ထိုရဟန်းကို တစ်စုံတစ်ခုကိုမျှ မဆိုကြကုန်လင့် -

ဤရဟန်းသည် တရားကိုလည်းဆိုလေ့ရှိ၏

ဝိနည်းသိက္ခာပုဒ်ကိုလည်းဆိုလေ့ရှိ၏

ငါတို့၏အလိုဆန္ဒနှင့် ကိုက်ညီလျှက် နှစ်သက်ဖွယ်စကားကိုလည်းယူ၍ဆို၏။

ငါတို့၏ဆန္ဒအလိုနှင့်နှစ်သက်ခြင်းကိုလည်းသိ၏။

ထိုရဟန်း၏အယူငါဒကို ငါတို့လည်းနှစ်သက်၏။ ဤသို့နောက်လိုက်ရဟန်းတို့သည် ဆိုကုန်ရာ၏။

နောက်လိုက်ရဟန်းတို့ကိုမြင်ကုန်၊ ကြားကုန်သော ရဟန်းတို့သည် ဆိုအပ်ကုန်သည် ဖြစ်ကုန်၏။

ရဟန်းကောင်းတို့ကပြောပုံ-

အိုအရှင်တို့၊ အရှင်တို့သည် ဤသို့မဆိုကုန်လင့်၊ ဤရဟန်းသည် တရားကိုလည်း ဆိုလေ့မရှိ၊ ဝိနည်းသိက္ခာပုဒ်ကိုလည်းဆိုလေ့မရှိ။

အရှင်တို့သည် သံဃာကွဲပြားခြင်းငှာအလိုမရှိအပ်။ အရှင်တို့၏စိတ်သည် သံဃာနှင့် အညီအညွတ်အဖြစ်သို့ရောက်စေပါလော့။

မှန်၏။ အညီအညွတ်ဖြစ်သော သံဃာသည် ဝမ်းမြောက်စွာချမ်းသာလျက်နေရ၏။ ထို့ကြောင့် ညီညွတ်ပါလော့ဟု ပြော၏။

ရဟန်းကောင်းတို့သည် ထိုသို့ဆိုအပ်ကုန်သော် နောက်လိုက်ရဟန်းတို့သည် ရှေးအတူ ဆိုကုန်အံ့။

နောက်လိုက်ရဟန်းတို့ကို ရဟန်းကောင်းတို့သည် ထိုအယူကို စွန့်ခြင်းငှာ သုံးကြိမ်တိုင် ဆိုအပ်၏။

သုံးကြိမ်တိုင်အောင်ဆိုကုန်သော် နောက်လိုက်ရဟန်းတို့သည် မိမိအယူကိုစွန့်အံ့။ ကောင်း၏ အပြစ်မရှိ။

အယူကိုမစွန့်အံ့။ ထိုရဟန်းအား သံဃာဒိသိသ်အာပတ်သင့်၏။

**ဒုဗ္ဗစသာမ**

ရဟန်းသည် ဆိုနိုင်ခက်သော ဒုဗ္ဗစ အပြောခက် သဘောရှိ၏။ ပါတိမောက်၌ အကျုံးဝင်ကုန်သော သိက္ခာပုဒ်တို့၌ ရဟန်းကောင်းက သိက္ခာပုဒ်ဖြင့် ဆိုဆုံးမအပ်သည်ရှိသော် မိမိကိုယ်ကို မဆုံးမဖို့ပြော၏။

ဒုဗ္ဗစရဟန်းကပြောပုံ - အို---အရှင်တို့ သင်တို့သည် ငါ့ကို - ကောင်းသည်ကို လည်းကောင်း၊ မကောင်းသည်ကိုလည်းကောင်း၊ တစ်စုံတစ်ခုကိုမျှမပြောဆိုပါနှင့်။

အရှင်တို့ သင်တို့သည် ငါ့အားပြောဆိုခြင်းမှရှောင်ကြကုန်လော့။

ဤသို့-မိမိကိုယ်ကို မဆိုအပ်သည်ကိုပြု၏။ ထိုဒုဗ္ဗစရဟန်းကို ရဟန်းကောင်းတို့သည် ဤသို့ဆိုအပ်၏။

## ရဟန်းကောင်းတို့ကပြောမှု
## အပြောခက်သော ဒုဗ္ဗစရဟန်း

- အရှင်သည် မိမိကိုယ်ကို မပြောဆိုအပ်သည်ကို မပြုလင့်၊ အရှင်သည် မိမိကိုယ်ကို ဆိုအပ်သည်ကိုသာလျှင် ပြုလော့။
- အရှင်ကလည်း ရဟန်းတို့ကို မဟုတ်တာတွေ့လျှင် သိက္ခာပုဒ်ဖြင့်ဆိုပါ။ ဆုံးမပါ၊ ရဟန်းတို့ကလည်း အရှင့်ကို မဟုတ်တာတွေ့က သိက္ခာပုဒ်ဖြင့် ဆိုပြောရပါလိမ့်မည်။ ဆုံးမရပါလိမ့်မည်။ ဤသို့တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ဘုရားသားတော်အချင်းချင်း ဆုံးမခြင်းကြောင့်၊ အချင်းချင်းအာပတ်မှထစေခြင်းကြောင့်၊ မြတ်စွာဘုရား၏ ပရိသတ်သည် သီလစသည်စင်ကြယ်ခြင်းဖြင့် တိုးပွားမည်သာဖြစ်ပေလိမ့်မည်ဟု ရဟန်းကောင်းတို့က ပြောအပ်၏။

ဤသို့ ရဟန်းကောင်းတို့ကပြောဆိုဆုံးမလျှင် ဒုဗ္ဗစ (အပြောခက်သော)ရဟန်းသည် ရှေးနည်းအတူ မနာယူဘဲ ဆက်ခါဆက်ခါ သူ့ကိုမဆုံးမဖို့ ပြောဆိုနေအံ့။

ထိုအခါ ဒုဗ္ဗစ-(အပြောခက်သော) ရဟန်းကို ရဟန်းကောင်းတို့သည် အယူကို စွန့်ရန်သုံးကြိမ်တိုင် ဆုံးမအပ်၏။ ထိုသို့သုံးကြိမ်ဆုံးမသော် အယူကိုစွန့်အံ့။ ကောင်း၏။ အပြစ်မရှိ-အယူကို မစွန့်အံ့။ သံဃာဒိသိသ်အာပတ်သင့်၏။

**ဓာတုရုဿမ**

ရဟန်းသည်ပင် ရွာကိုလည်းကောင်း၊ နိဂုံးကိုလည်းကောင်း အမှီပြု၍ ပန်း၊ သစ်သီးပေးခြင်း စသည်ဖြင့် ဒါယကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးလျက် ပန်းပင်ငယ်စိုက်ပျိုးခြင်းဟူသော ယုတ်မာသော အကျင့်ကိုကျင့်လျက်နေ၏။ (ထိုရဟန်းနှင့်မတွေ့ခင်က ဒါယကာသည် သဒ္ဓါတရားကောင်း၏။)

ထိုရဟန်း၏ ယုတ်မာသောပန်းပင်ငယ်စိုက်ပျိုးခြင်းအကျင့်တို့ကို မြင်လည်းမြင်အပ်၊ ကြားလည်းကြားအပ်ပေ၏။

ထိုရဟန်းမှ ဖျက်ဆီးထားတဲ့ အမျိုးဒကာ၊ ဒကာမတို့ကိုလည်း မြင်လည်းမြင်အပ်၊ ကြားလည်းကြားအပ်ပေ၏။

ထိုမျိုးဖျက်ရဟန်းကို ရဟန်းကောင်းတို့သည် ဤသို့ဆိုအပ်၏။

## ရဟန်းကောင်းတို့ကပြောပုံ

ဒိုး အမျိုးဖျက်သောရဟန်း -

အရှင်သည် စင်စစ် ပန်းပေးခြင်း စသည်ဖြင့် ဒါယကာတို့၏မူလ သဒ္ဓါတရားကို ဖျက်ဆီးတတ်၏။

ပန်းပင်ငယ်စိုက်ပျိုးခြင်းစသော ယုတ်မာသော အကျင့်ကို ကျင့်၏။

(ငါတို့သည်) အရှင်၏ ထိုယုတ်သောအကျင့်တို့ကိုမြင်လည်းမြင်အပ်၊ ကြားလည်းကြားအပ်ကုန်၏။

(တဖန်) အရှင်ဖျက်ဆီးထားသော အမျိုးတို့ကို မြင်လည်း မြင်အပ်၊ ကြားလည်း ကြားအပ်၏။

ထို့ကြောင့် အရှင်သည် ဤနေရာကျောင်းမှထွက်ပါလော့။ သင်သည် ဤကျောင်း၌ နေသဖြင့်မသင့်ပါ။ ဤသို့ရဟန်းကောင်းတို့ကပြောဆိုအပ်၏။

ဤသို့ ရဟန်းကောင်းတို့ကပြောဆိုလျှင် -

ဒုဋ္ဌ (အပြောခက်သော)ရဟန်းသည် (ပဗ္ဗာဇနီယကံ)ဖြင့် နှင်ထုတ်သော ရဟန်းတို့ကို ဤသို့ဆိုအပ်၏။

## အမျိုးဖျက်ရဟန်းကစပြောမှု

ရဟန်းတို့သည် အဂတိလေးပါးကို လိုက်စား၏-

(၁) ချစ်သဖြင့် မလားအပ်သည်သို့လည်းလားကုန်၏။

(၂) မုန်းသဖြင့် မလားအပ်သည်သို့လည်း လားကုန်၏။

(၃) မသိ၍ မလားအပ်သည်သို့လည်း လားကုန်၏။

(၄) ကြောက်သဖြင့် မလားအပ်သည်သို့လည်း လားကုန်၏။

ထိုသို့သောအာပတ်ဖြင့် အချို့သောသူကို နှင်ထုတ်ကုန်၏။ အချို့ကိုတော့ မနှင်ထုတ်ကုန်။

( ဤသို့ အမျိုးဖျက်ရဟန်းက ပြောဆို၏။ )

ထို ဒုဋ္ဌရဟန်းကို ရဟန်းကောင်းတို့သည် ဤသို့ဆိုအပ်၏။

## ရဟန်းကောင်းတို့ကပြောပုံ

အရှင်သည် ဤသို့မဆိုလင့် -

ရဟန်းတို့သည်   ၁။ ချစ်သဖြင့်ဆန္ဒာ ဂတိသို့လည်းမလိုက်ကုန်။

၂။ မုန်းသဖြင့်ဒေါသ ဂတိသို့လည်းမလိုက်ကုန်။

၃။ မသိ၍မောဟ ဂတိသို့လည်းမလိုက်ကုန်။

၄။ ကြောင့်သဖြင့် ဘယာ ဂတိသို့လည်းမလိုက်ကုန်။

သင်သည်သာ အမျိုးဖျက်လျက် ယုတ်မာသော အကျင့်ကိုကျင့်၏။

အရှင်၏ယုတ်မာသောအကျင့်တို့ကို စင်စစ် (ငါတို့သည်) မြင်လည်းမြင်အပ်၊ ကြားလည်းကြားအပ်ကုန်၏။

အရှင်ဖျက်ဆီးထားသော အမျိုးတို့ကိုလည်း (ငါတို့သည်) မြင်လည်းမြင်အပ်၊ ကြားလည်းကြားအပ်ကုန်၏။

အရှင်သည် ဤနေရာကျောင်းတိုက်မှထွက်လော။ သင်သည် ဤနေရာ၌ မနေသင့်ပါ ဟူ၍ ရဟန်းကောင်းတို့က ဆိုအပ်၏။

ဤသို့ ရဟန်းကောင်းတို့ကဆိုအပ်သော် ဒုဗ္ဗစ(အပြောရခက်သော) ရဟန်းသည် ရှေးနည်းအတူပင် အယူကိုဆက်၍ယူနေအံ့။

ထို ဒုဗ္ဗစ(အပြောရခက်သော) ရဟန်းကို ရဟန်းကောင်းတို့သည် အယူကိုစွန့်ခြင်းငှာ သုံးကြိမ်တိုင်တိုင် (ဉတ်ကမ္မဝါစာ)ဖြင့် ဆုံးမအပ်၏။ သုံးကြိမ်တိုင်ဆုံးမသော် အယူကိုစွန့်အံ့။ ကောင်း၏။ အပြစ်မရှိ။ အယူကိုမစွန့်အံ့။ သံဃာဒိသိသ်အာပတ်သင့်၏။

## ကုလဒူသက အမျိုးဗျက်ရှစ်ပါး

## ပန်း - သီး - မှုန့် - မြေ - ဝါး - ပူ - ခြေ - ဝဋ္ဋ - ဒုရှစ်ဖြာ -

## အစ်ပွါယ်အရကောက်

၁။ ပန်းပေးခြင်း၊ ၂။ သစ်သီးပေးခြင်း၊ ၃။ ကသယ်မှုန့်ပေးခြင်း၊ ၄။ မြေဖြူမြေနီစသည်ပေးခြင်း၊ ၅။ ဝါးပေးခြင်း။ ၆။ တံပူပေးခြင်း ၇။ လူဒကာဒကာမများ၏ခြေလျှင်အစေအပါးခံခြင်း။ ၈။ ဆေးကုခြင်း။ (ဤကားကုလဒူသကရှစ်ပါးတည်း။)

အရှင်တို့ ရှေးဦးစွာ လွန်ကျူးဆဲခကာ၌ ရောက်ခြင်းရှိကုန်သော သံဃာဒိသိသ်အာပတ်ကိုးပါး၊ သုံးကြိမ်တိုင် ဥတ်ကမ္မဝါစာဖြင့် ဆုံးမသည်၏အဆုံး၌မနာခံပါမှ ရောက်ခြင်းရှိကုန်သော သံဃာဒိသိသ်လေးပါး ဤသို့တစ်ဆယ့်သုံးပါးကုန်သော သံဃာအဒိသ်သ်တို့ကို ဤနေရာ၌ ညွှန်အပ်ကုန်ပြီ။

## သံဃာဒိသိသ်ကုစားနည်း

ရဟာန်းသည် တစ်ဆယ့်သုံးပါးကုန်သော သံဃာဒိသိသ်တို့တွင် တစ်ပါးပါးသော သံဃာဒိသိသ်သို့ရောက်ခြင်းကြောင့် အာပတ်သင့်မှန်းသိလျှက် ဖုံးလွှမ်း၏။ ထိုရဟာန်းသည် ဖုံးလွှမ်းသည့်ရက်အလျှောက် ကုစားဖို့ရန်ရှေးဦးစွာ အလိုမရှိဘဲ ပရိဂါသ်နေအပ်၏။

ပရိဂါသ်နေပြီးသော ရဟာန်းသည် အလွန့်အလွန် ရဟာန်းတို့၏ မြတ်နိုးသည်၏အဖြစ်တည်း ဟူသောအကျိုးငှာ ခြောက်ည၌ပတ်လုံးမာနတ်ကျင့်အပ်၏။

ခြောက်ည၌မာနတ်ကျင့်ပြီးသောကြောင့် သံဃာ နှစ်ဆယ်ရှိသော သိမ်၌ မာနတ်ကျင့်ပြီးသော ရဟာန်းကို ရဟာန်းတို့သည် သွင်းအပ်ခေါ်အပ်၏။ သံဃာ နှစ်ဆယ်အောက် ထိုရဟာန်းကို ရဟာန်းတို့သည် သိမ်တွင်းသို့ သွင်ပြေးခေါ်ပြေးအံ့။ ထိုခေါ်သော ရဟာန်းတို့ ဒုက္ကဋ်အာပတ်သင့်၏။

(သံဃာဒိသိသ်ဆယ့်သုံးပါးပြီး၏။)

## ဒေသနာကြားပုံ

ငယ် - အဟံဘန္တေ သဗ္ဗာအာပတ္တိယော အာဝိကရောမိ၊

(ဤကား ထင်ရှားပြုခြင်းမည်၏။ ဒေသနာကြားမမည်သေး)

ကြီး - သာဓု - သာဓု - သာဓု။

ငယ် - အဟံဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ၊

သဗ္ဗာ အာပတ္တိယော အာပန္နာ-တာ-တုမှမူလေ

ပဋိဒေသေမိ၊

(ဤကားဒေသနာကြားကုစားခြင်းမည်၏။)

ကြီး - ပဿသိ၊ အာဝုသော၊ တာ အာပတ္တိယော၊

(အာပတ်ခံခြင်း)

ငယ် - အာမ ဘန္တေ ပဿာမိ၊ (ပဋိညာဝန်ခံခြင်း)

ကြီး - အာယတိံ အာဝုသော သံဝရေယျာသိ၊

(ပဋိညာတကရဏ ဝိနည်းကံပြုခြင်း)

ငယ် - သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ၊

(ဣန္ဒြိယသံဝရလည်းပြုပြင်ခြင်း)

ကြီး - သာဓု၊ သာဓု၊ သာဓု (အငယ်ကြားပြီး၏။)

ကြီး - အဟံ အာဝုသော သဗ္ဗာအာပတ္တိယော

အာဝိကရောမိ၊

ယင် - သာဓု ဘန္တေ၊ သာဓု၊ သာဓု။

ကြီး - အဟံ အာဝုသော သမ္ဗဟုလာ နာနာဝတ္ထုကာ

သဗ္ဗာအာပတ္တိယော အာပဇ္ဇိံတာ

တုယှမူလေ ပဋိဒေသေမိ၊

ယင် - ပဿထဘန္တေ တာအာပတ္တိယော

ကြီး - အာမ၊ အာဝုသော၊ ပဿာမိ၊

ယင် - အာယတိံ၊ ဘန္တေ၊ သံဝရေယျာထ၊

ကြီး - သာဓုသုဋ္ဌု၊ အဟံ၊ အာဝုသော၊ သံဝရိဿာမိ၊

ယင် - သာဓု ဘန္တေ - သာဓု သာဓု။

(ခေကြီးကြားပြီး၏။)

## ဝတ္ထုသဘာဂပြစ်ဖုံပြန်ကြား

ယော် - အဟံဘန္တေ သဗ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာအာပတ္တိယော

အာပဇ္ဇိကာ တုမှမူလေ ပဋိဒေသေမိ၊

ကြီး - ပဿသိ အာဝုသော တာအာပတ္တိယော၊

ယော် - အာမဘန္တေ ပဿာမိ၊

ကြီး - အာယတိံ အာဝုသော သံဝရေယျာသိ၊

ယော် - သာဓုသုဋ္ဌု ဘန္တေ သံဝရိဿာမိ၊

ကြီး - သာဓု သာဓု သာဓု။

(ဒေသနာကြားပြီး၏။)

## ရှေးဆရာတော်များထံမှ ရလိုက်သောဝေမ်းတော်တင်

အစ်နွှေယျ - အစိန္တေယျ - အပ္ပမေယျ အနန္တဂုဏအထူး ကျေးဇူးတော်အဖုံဖုံ ဂုဏ်တော်အတန်တန်၊ ရွှေဉာဏ်တော်အဆိုင်ဆိုင် ဖက်ပြိုင်မရ သုံးလောကတွင် ဓမ္မဇေဒ္ဓာ ရာဇာဓိရာဇာ ဒေဝါဓိဒေဝါ ဗြဟ္မာဓိဗြဟ္မာ ဥက္ကာကရာဇ် မင်းစစ်တစ်ဆူ ဖြစ်တော်မူ၍ ပြိုင်သူမက်ရှား တရားမင်းတစ်ပါး မြတ်စွာဘုရားအား -

စိတ်ထားကြည်စွာ စေတနာဖြင့် ဟင်းလျာအမဲ မုန့်ပဲ ငါးသား ဆီပျားရသာ ကောင်းစွာပြုပြင် ဆွမ်းဘောဇဉ်နှင့် ချိုချဉ်သစ်သီး လုံးကြီးလုံးငယ် စားဖွယ်သောက်မှု အစုစုကို ကောင်းမှုဖို့ရာ လှူဒါန်းပါ၏ မြတ်စွာဘုရား . . ။

လှူဒါန်းပြုစု ဤကောင်းမှုကြောင့် လေးစုအပါယ် ကပ်သုံးသွယ်နှင့် ပြစ်ပယ်ရှစ်ရပ် ငါးထပ်ရန်သူ လုယူနှိပ်စက် နှောင့်ယှက်ခြင်းမှ ကင်းလွတ်ရ၍ အာ - ဩ - ဂ - ယ ပေါင်းသောဋ္ဌနှင့် က-သ ဆယ်လီ အာ-ကိုးလီတို့ မမှီနိုင်ဆုံး မ-ရှစ်လုံးနှင့် ခြောက်လုံး န-ငယ် မငြိတွယ်သား တစ်ဆယ်သော လ-ဆယ့်နှစ်လဟု ဘ-သ-ဟမျိုး ငုပ်ပျောက်လျိုးလျက် ငြိမ်းမျိုးအေကန် ပြည့်နိဗ္ဗာန်သို့ အမှန်မချို့ ရောက်စေသော။

ဤသို့ယာခု ငါတို့ပြုစု မြတ်ကောင်းမှုကို နှိုင်းတုခမဲ့ လေးလီအဏ္ဏဝါ သီတာမြင့်မိုရ် ထိုတို့မက သီလကျေးဇူး ဂုဏ်အထူးဖြင့် ချီးကျူးအပ်စွာ ဆရာမိဘ ဆွေညာကာစ နတ်ဝေဒနှင့် အောက်မှ အဝီစိ၊ ဘဝဂ်ထိအောင် နှံ့သီစကြာဝဠာ ဖီလာထုတ်ခြင်း အကြွင်းမထင် ဘုံသုံးပြင်၌ ကျင်လည်မျောပါး သတ္တဝါအများ ဗိုလ်လူအားကို သနားကရုဏာ မေတ္တာစိတ်မျှ တို့ဝေငှ၏ မချွေရကျေ ကြည်ဖြူသဒ္ဓါ စေတနာဖြင့် ကောင်းစွာထောက်ရှု ကောင်းချီးပြု၍ သာဓု - သာဓု - သာဓု ခေါ်နိုင်ကြပါစေကုန်သတည်း။

**(ညောင်လေးပင်တောရ ရှင်ကျန့်ဝတ်မှ)**

## လင်္ကာအဓိပ္ပါယ် အမြွက်

(အာ - ဩ - ဂ - ယ ပေါင်းသောဋ္ဌ)

အာသဝ ဩဃ ဂန္ထယောဂ ၄ပါးစီ - ၁၆-ပါး၊

(က-သ-ဆယ်လီ)ကား ကိလေသာ သံယောဇဉ် ဆယ်ပါးစီ အကိုးလီကား

အာယာတဝတ္ထု ကိုးပါးတည်း။

(မ-ရှစ်လုံး) မိစ္ဆာဒိဋ္ဌိ မိစ္ဆာသင်္ကပ္ပစသည်ရှစ်ပါး။

(ခြောက်လုံးနှငယ်) နီဝရဏတရားခြောက်ပါး

(တစ်ဆယ်ဘောလ) အကုသလကမ္မပထ တရားဆယ်ပါး

(ဆယ်နှစ်လဟူ) အကုသိုလ်စိတ်ဆယ်နှစ်ပါး

(ဘ-သ-ဟမျိုး) လောဘ - ဒေါသ - မောဟ။

ဓမ္မဒါနကုသိုလ်ရှင်

ကွယ်လွန်သူ - ဖခင်ကြီး (ဦးညွှန့်စိန်) အား

ရည်စူး၍

ဇနီး - ဒေါ်သန်းညွန့်

သမီး - ညွန့်ညွန့်ခိုင်

**မြတ်ဒါန**

(၂၂၂)၊ အောက်ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။